# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၄၉)


## နိုင်ငံတော်အစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက်ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်မည်

နိုင်ငံတော်အစိုးရဟာ ဒီ့တာဝန်အရေးသုံးပါးကို နိုင်ငံတော်နဲ့ တိုင်းရင်းသား ပြည်သူအားလုံးအတွက် ချမှတ်ကျင့်သုံးခဲ့တယ်။ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံအုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်က မမိုတ်မသုန်ယုံကြည်တယ်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း အလေးအနက် ပြောလိုတယ်။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် သြဝါဒစကားမြွက်ကြားစဉ်။ (ဝဲပုံနှင့် အောက်ပုံ) (သတင်းစဉ်)

# အသင်းကြီး၏ဦးတည်ချက်များနှင့်အညီ အမျိုးသားစည်းလုံးညီညွတ်ရေးခိုင်မြဲအောင်အားထုတ် အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အရင်းတည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး ညီညီညွတ်ညွတ်ပူးပေါင်းလက်တွဲ

ရန်ကုန် နိုဝင်ဘာ ၁၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသော သြဝါဒစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

**မောင်တို့မယ်တို့–**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (၁၁)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးမှာ မောင်တို့မယ်တို့ အပါအဝင် အသင်းဝင်အားလုံးကို ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၁* ■



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

# အစဉ်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ဒေသထွက်ကုန် တိုးတက်ထွက်ရှိအောင် တီထွင်ကြံဆလုပ်ကိုင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်းအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းရင်းသားပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်စေရန်နှင့် စားဝတ်နေရေးဖူလုံပြည့်စုံစေရန် အစီအမံများကို စနစ်တကျချမှတ် အကောင်ထည်ဖော်ပေးလျက်ရှိသည်။

လူနေမှုအဆင့်အတန်းမြင့်မားပြီး စားဝတ်နေရေး ဖူလုံပြည့်စုံရေးသည် အခြေခံအကျဆုံးဖြစ်သည်။ စားရေးပြည့်စုံဖူလုံစေရန် သမားရိုးကျ လုပ်ကိုင်နေကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်ကြရန် လိုအပ်သကဲ့သို့ အခြားဖြစ်ထွန်းနိုင်သည့် စီးပွားရေးလုပ်ငန်းများကိုလည်း ရှာဖွေ၍ ထုတ်ကုန်အမယ်သစ်များ ပေါ်ထွက်လာစေရန် တီထွင်ကြံဆလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှောဝတီတိုင်းသို့သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုဝင်ဘာလ ၁၅ရက်နေ့က ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် မြရောခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာတွင်–

**"လူ့အဖွဲ့အစည်းသည် ရပ်တန့်နေ၍မရဘဲ အစဉ်ဖွံ့ဖြိုးတိုးတက်အောင် အမြဲစဉ်းစားတွေးခေါ် ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်နေကြရမှာ ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေမှာ နှစ်စဉ် တိုးတက်လျက်ရှိရာ နောင်နှစ်ပေါင်း ၃၀ကျော်ခန့်တွင် နိုင်ငံတော်၏ လူဦးရေမှာ သန်း ၁၀၀ထိ ရှိလာမှာဖြစ်ကြောင်း၊ နောင်တိုးပွားလာမည့် နိုင်ငံသူနိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြမှုမရှိ၊ ဖူဖူလုံလုံစားသုံးနိုင်စေရန် မိမိတို့ ယခုကတည်းကပင် စိုက်ဧရိယာဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်းစသည်ဖြင့် ဆောင်ရွက်သင့်သည်များကို စနစ်တကျ ကြိုးစားစီမံဆောင်ရွက် ထားကြရမှာ ဖြစ်ကြောင်း"**
ပြောကြားသွားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ နယ်ပယ်ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်စေရန် ကာလတိုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ တတိယကာလတို စီမံကိန်း၏ စတုတ္ထနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုများ၊ လူတစ်ဦးချင်းဝင်ငွေ မြင့်မားတိုးတက်မှုများ၊ ပြည်နယ်နှင့်တိုင်းအလိုက် စီးပွားရေး အချိုးအစားများ သိသာထင်ရှားစွာ မြင့်မားတိုးတက်လာသည်ကို တွေ့မြင်နေရပေသည်။

ယင်းကဲ့သို့ ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာစေရန် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေး အခြေအနေပါ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများ အားလုံးတွင် စီးပွားရေး ကဏ္ဍအလိုက် နိုင်ငံတော်က ရည်မှန်းချက်များ ချမှတ်ပေးထားပြီးဖြစ်၍ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရန် ပိုမိုအားထုတ်ကြိုးပမ်းကြရမည် ဖြစ်သည်။

အထူးသဖြင့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် တီထွင်ကြံဆ လုပ်ကိုင်သွားကြရမည် ဖြစ်သည်။ သို့မှသာ နောင်တိုးပွားလာမည့် လူဦးရေနှင့် လိုက်လျောညီထွေစွာ စားရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊ မြေ၊ သယံဇာတ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်၍ သင့်တော်ဖြစ်ထွန်းမည့် နေရာဒေသများတွင် နှစ်ရှည်ပင်များနှင့် ရာသီသီးနှံ အမယ်သစ်များကို တိုးချဲ့စိုက်ပျိုးနိုင်ပေသည်။

ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ရာတွင် မြို့နယ်အဆင့် တာဝန်ရှိသူများသည် အရေးအကြီးဆုံး ဖြစ်သည်။ မိမိတို့ မြို့နယ်အတွင်း စိုက်နိုင်၊ မွေးနိုင်သည့် မြေလွတ်၊ မြေရိုင်းများ တိုးချဲ့ရှာဖွေ၍ စဉ်းစားကြံဆ ဆောင်ရွက်သွားကြရန် ဖြစ်သည်။ မြို့နယ်တာဝန်ခံများကလည်း ဒေသခံပြည်သူများနှင့် လက်တွဲ၍ ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြသည်နှင့်အမျှ ဒေသသည်လည်း အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အစဉ်ဖွံ့ဖြိုးတိုးတက်အောင် အစဉ်အမြဲ တွေးခေါ်လုပ်ကိုင်ကြရန်နှင့် နောင်လာနောက်သားများ စားဝတ်နေရေး ပြည့်စုံဖူလုံစေရန်အတွက် တာဝန်ရှိသူများက ဒေသထုတ်ကုန်များ ပိုမိုတိုးတက်ထွက်ရှိစေရန်၊ တီထွင်ကြံဆ ကြိုးစားလုပ်ကိုင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပါရီမြို့ ထေရဝါဒ ဗုဒ္ဓဘာသာမြန်မာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင်တည်ဆောက်မည့်ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် ဗဟန်းလမ်းမကြီးရှိ ကော်မတီရုံးခန်းသို့ စေတနာရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ကိုသန်းဦး–မဝေဝေညွှန့်မိသားစု မိုးကောင်းလမ်း ရန်ကင်းမြို့နယ်က အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း၊ ဒေါက်တာကျန်း–ဒေါက်တာဒေါ်ခင်ခင်ရီ Shine Hope Co.,Ltd.၊ ဦးသိန်းညွန့်–ဒေါ်မြကြည် မိသားစု၊ ဦးသိန်းဌေး၊ ဒေါ်ကျင်ရီ ညီ/မောင် ကိုစိုးစိုးအောင်၊ ကိုလှထွန်းအေးတို့အား ရည်စူး၍ သားသမီးမြေးတစ်စု ကောင်းမှု ကျိုက္ကဆံလမ်း တာမွေက ငွေကျပ်ငါးသိန်းစီ၊ ဦးမောင်မောင်ခိုင်–ဒေါ်ဝိုင်းဝိုင်းနွဲ့မိသားစု လမ်းမတော်၊ ဦးတင်ဝင်း (ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)– ဒေါ်ခင်မြဝေတို့က ကျပ်သုံးသိန်းစီ၊ ဒေါ်ခင်ထွေး ၂၄လမ်း လသာမြို့နယ်က FEC၃၀၀၊ ဦးရဲမြင့်ထွန်း– ဒေါ်မေမေသက် Dawn Light Co.,Ltd.က အလှူငွေကျပ် နှစ်သိန်းငါးသောင်း၊ ဒေါ်မြင့်မြင့်သန်း သားသမီး မြေးတစ်စု ကမ္ဘာအေးစေတီလမ်းက အလှူငွေကျပ်နှစ်သိန်းနှစ်သောင်း၊ ဒေါ်မေမေထား သားသမီးမြေးတစ်စု အရှေ့ရန်ကင်းက အလှူငွေကျပ် နှစ်သိန်းတစ်သောင်း၊ ဒေါ်ခင်အေးမူ မိသားစု၊ အစ်မကြီးဒေါ်ခင်ဝိ၊ ညီမဒေါ်တင်တင်ယုံတို့အား ရည်စူး၍ ဒေါ်အမာ၊ တူမ မြသူဇာတို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ဦးတင်မြင့်နှင့် ဒေါ်တင်တင်ရီတို့အား ရည်စူး၍ သားသမီး မြေးတစ်စုက အလှူငွေကျပ် နှစ်သိန်း၊ မိဘနှစ်ပါးနှင့် ဒေါ်ညွှန့်ရီတို့အား ရည်စူး၍ ဒေါ်သန်းသန်းနှင့် မိသားစု ဆရာစံလမ်း ဗဟန်း၊ ဦးဝိုးယား(ခ)ဦးဝင်းမြင့်အား ရည်စူး၍ ဒေါ်စန်းကြည်မိသားစု၊ ဒေါက်တာကြီးမြင့်–ဒေါ်ခင်သန်းရီ၊ သားဒေါက်တာအောင်ကြီးမြင့်၊ သမီး ဒေါက်တာဖြူယဉ်မွန်၊ အိယဉ်မွန်မိသားစု၊ ဒေါ်ခင်စုမိသားစုတို့က အလှူငွေကျပ် တစ်သိန်းငါးသောင်းစီ၊ ဦးအောင်ကြည်–ဒေါ်ခင်ခင်မ မိသားစု ငွေကြာယံ တောင်ဥက္ကလာပက အလှူငွေကျပ်တစ်သိန်းသုံးသောင်း၊ ဒေါ်တူးမေ(ခ)ဒေါ်ရှုမေ သား တင်နွယ်ထွန်း၊ သမီး လဲ့လဲ့ထွန်း၊ မသီဂီထွန်း စမ်းချောင်းက အလှူငွေကျပ် တစ်သိန်းတစ်သောင်း တစ်ထောင့်တစ်ရာ့ တစ်ကျပ်၊ ဦးကျား (တရားရုံးချုပ်ရှေ့နေ)–ဒေါ်အုန်းခင် မိသားစုက အလှူငွေကျပ် တစ်သိန်း တစ်သောင်း၊ မောင်ကျော်သူရက အလှူငွေကျပ်တစ်သိန်းတစ်ထောင့်သုံးရာ၊ ဦးသောင်းထိုက်၊ ဒေါ်ဝင်းရွှေ၊ သမီးမချိုထိုက်၊ သား အောင်အောင်မိသားစု၊ ဒေါ်ခင်ယုမေ (ထပ်ဆင့်အကယ်ဒမီ)သား အောင်ကျော်မိုး၊ မြေးEricka Moe Russel Moeမိသားစု၊ ပန်းချီဆရာကြီး ဦးဘသစ်အား ရည်စူး၍ သမီးဒေါ်ဌေးဌေးကြွယ်၊ ဗိုလ်မှူးကြီး စိုးမြင့်၊ ဒေါ်သီတာခင်၊ သားမောင်သက်နိုင်စိုး၊ မောင်ကျော်နိုင်စိုး၊ မောင်အောင်နိုင်စိုးမိသားစု၊ ဦးလှမြင့် သား၊ သမီး တစ်စု၊ ဦးမျိုးမြင့်၊ ဒေါ်တင်တင်မြင့် မိသားစု၊ ဦးနေဝင်း(ခ) ဦးဆန်နီတင်၊ ဒေါ်ခင်လှလှမိသားစုနှင့် မောင်နှမများ၊ ဦးထိန်လင်း(သံပုရာ)၊ ဒေါ်နီနီဝင်းမိသားစု သိန္ဓီလမ်း ကြည့်မြင်တိုင်၊ ဗိုလ်မှူးကြီးစိန်တင်ဝင်း–ဒေါ်သင်းသင်းမြ၊ သားတင်ဝင်းအောင် သန့်လျက်စွန်းလမ်း၊ ဗိုလ်ကြီးပြည်စိုး– ဒေါ်နီလာကျင် ၄၉လမ်း ဗိုလ်တထောင်၊ ဦးဝင်းမြင့်– ဒေါ်ခင်သန်းလှ၊ သား ကျော်မျိုးဝင်း၊ နေမျိုးဝင်း–ဝေမီလင်း၊ သမီးသင်းနွယ်အေး၊ မြေး လင်းလဲ့ဝင်းမိသားစု ကမ္ဘာအေး စေတီလမ်း၊ ကိုမောင်မောင်မြင့်–မသိန်းသိန်းရွှေ၊ သား မောင်ပိုင်ဖြိုး၊ ဦးကျော်ကျော်နိုင် မိသားစု မန္တလေးလမ်း မင်္ဂလာတောင်ညွန့်၊ ဦးသန်းလှ–ဒေါ်အေးမြင့် မိသားစု မင်္ဂလာဒုံ၊ ဦးသက်ညို–ဒေါ်ခင်ခင်ကြည်(မင်္ဂလာသစ်ဆိုင်) ၂/ခ သာကေတ ၊ ဒေါ်တင်မိုးလွင် Talents & Models ပြည်သာယာတို့က အလှူငွေကျပ်တစ်သိန်းစီ၊ ကျန်အလှူရှင်များ အပါအဝင် အလှူငွေကျပ် တစ်ရာသုံးဆယ့်ခုနစ်သိန်း သုံးသောင်း လေးထောင့်ရှစ်ရာ့တစ်ကျပ်၊ FECတစ်ထောင့် လေးရာခုနစ်ဆယ့်လေးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ဖဲကြိုးဖြတ်ဖွင့်လှစ်

**သာကေတမြို့နယ် (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နိုဝင်ဘာ၁၁ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲနှင့် ဟောပြောပွဲ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးအေးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

(က–ပ)



## အမှာစကားပြောကြား

**ပြည်ထဲရေးဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၆/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က လှိုင်သာယာမြို့နယ် အလက(၇)ကျောင်း၌ ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူးဦးအေးထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။**

(က–ပ)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှကိုယ်စားလှယ်များနှင့်ထူးချွန်လူငယ်မောင်မယ်များအားဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ ကိုယ်စားလှယ်များ၊ ထူးချွန်လူငယ်မောင်မယ်များအား ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



## ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဂုဏ်ပြုညစာစားပွဲ တည်ခင်းဧည့်ခံရာသို့ရောက်ရှိလာရာ အသင့်ကြိုဆိုနေကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့တက်ရောက်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ဒေသညှိနှိုင်းရေးမှူးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်နှင့် မြို့နယ်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ကိုယ်စားလှယ် များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက် လာသူများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မြန်မာတစ်ပြည်လုံး အဆင့်(၁)မှ (၁၀)အထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ ထူးချွန်စွာ ပထမအဆင့်ရရှိကြသော ကျောင်းသား ကျောင်းသူများ၊ အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ကျောင်းသားကျောင်းသူများ၊ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ထူးချွန်လေကြောင်း၊ ရေကြောင်း၊ ရဲညွှန့်လောင်းလူငယ်များ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်(၅)ခုနှင့်အထက်ရရှိသူ ကျောင်းသား ကျောင်းသူများ၊ အနုပညာရှင်များ၊ တေးသံရှင်များ၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

## တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် များ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) ကျင်းပရေးလုပ်ငန်းဆပ်ကော်မတီအသီးသီးမှ ဆပ်ကော်မတီဥက္ကဋ္ဌ များနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးမှ ဒေသညှိနှိုင်းရေးမှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ ကိုယ်စားလှယ်များ၊ ထူးချွန် လူငယ်မောင်မယ်နှင့် ကျောင်းသားကျောင်းသူများ၊ သတင်းစာဆရာများ၊ လူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာ ရှင်များ၊ တေးသံရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ညစာမသုံးဆောင်မီ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံသာများဖြင့်လည်းကောင်း၊ ညစာသုံးဆောင် နေစဉ်နှင့် ညစာသုံးဆောင်အပြီးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီး ဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကပဒေသာများဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၈–၁၁–၂၀၀၄**

**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၂၅ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၄:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၄၅ | ၇။ | ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၄:၅၅ | ၈။ | မျိုးချစ်တပ်မတော် |
| ၅:၀၅ | ၉။ | အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ပါဠိစာပေ(ဂါထာ) လေ့လာချက် (တတိယနှစ်၊ အရှေ့တိုင်းပညာ) |
| ၅:၃၅ | ၁၀။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၅ | ၁၁။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၂။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၃။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၄။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၆။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက် ချစ်တယ်"** (အပိုင်း–၁၅) |
| ၈:၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ | မြန်မာ့ရှုခင်း |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၃၀) |

## သာသာယာယာ

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**



## နိုဝင်ဘာ ၁၆ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၂၁၀ဦးရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက် ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

နိုဝင်ဘာ ၁၆ ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၂၁၀ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြ ထားရာ ယင်းအနက် ၉၄၃ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ကြသည်။

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်းသေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၄ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ကိုးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန် နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၀၆၀ ဦးဖြစ်ပြီး ယင်းအနက် ၈၃ ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

**(အင်တာနက်)**

## ကန်နိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ထွက်ကြောင်း နိုင်ငံခြားရေးဌာနအရာရှိများ ပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးကောလင်း ပါဝဲလ်သည် တနင်္လာနေ့၌ ရာထူးမှ နုတ်ထွက်သွားကြောင်း နိုင်ငံခြားရေးဌာန အရာရှိများက ပြောကြားသည်။

သမ္မတဘုရှ်၏ အစိုးရအဖွဲ့မှမိမိ နုတ်ထွက် ရန် ရည်ရွယ်ထားကြောင်း ထိပ်တန်း လက်ထောက် အရာရှိများ အား ပါဝဲလ်က ပြောကြားခဲ့ကြောင်း အဆင့်မြင့် နိုင်ငံခြားရေးဌာန အရာရှိ များက ပြောကြားသည်။

**နုတ်ထွက်**

ပါဝဲလ်(၆၇)နှစ်သည်ဗိုလ်ချုပ်ကြီး ဟောင်းတစ်ဦးဖြစ်ပြီး သမ္မတဘုရှ် သည် ၎င်းအားဆက်ခံ မည့်သူကို သတ်မှတ် ရွေးချယ်ပြီးသည်နှင့် ရာထူးမှ နုတ်ထွက်ခွင့်ပြုရန် ရည် ရွယ်ထားကြောင်း ပြောကြားထား သည်ဟု အရာရှိများက ပြော ကြားသည်။ **(အင်တာနက်)**

## ရှာဖွေစစ်ဆေး

**အီရတ်နိုင်ငံ ဆာမာရာမြို့တွင် အီရတ်တစ်ဦး အား ရှာဖွေ စစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို နိုဝင်ဘာ ၁၄ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## တစ်ခုတည်းသောအာဆီယံ ပို့ကုန်စနစ်ခွဲတမ်းကျင့်သုံးရန် အာဆီယံဝင်နိုင်ငံများကို ဗီယက်နမ်နိုင်ငံတိုက်တွန်း

ဟန္နွိုင်း နိုဝင်ဘာ ၁၆

**ယခုနှစ်ကုန်၌ ပို့ကုန်ခွဲတမ်း ပျက်ပြယ်ချိန်တွင် အဝတ်အထည်နှင့် အထည်အလိပ် တင်ပို့မှုတွင် တစ်ခုတည်းသော တင်ပို့မှုအဖြစ် ဆောင်ရွက်ကြရန် ဗီယက်နမ်နိုင်ငံက အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အခြားနိုင်ငံများကို တိုက်တွန်းလိုက်သည်။**

ဗီယက်နမ်နိုင်ငံသည် ယခုထိတိုင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (ဒဗလျူတီအို)နှင့် မပူးပေါင်းရသေးသော်လည်း အများစုက ဒဗလျူတီအို အဖွဲ့ဝင်များဖြစ်ကြသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ခွဲတမ်း၌ ဗီယက်နမ်နိုင်ငံ ပေါင်းစည်း နိုင်စွမ်းရှိရန် မျှော်လင့်ထားသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် အဝတ်အထည်နှင့် အထည်အလိပ်များ အပေါ် တူညီသော လုပ်ထုံးလုပ်နည်း များသုံးခြင်းဖြင့် ခွဲတမ်းကုန်ဆုံးပြီး ကာလတွင် အာဆီယံ တစ်ခုလုံးက ပြုလုပ်သော ပို့ကုန်များတွင် တူညီသော အကျိုးအမြတ်ရရှိကြမည်ဖြစ်ကြောင်း ဗီယက်နမ် အဝတ် အထည်နှင့် အထည်အလိပ်ဥက္ကဋ္ဌ လီဝေါ်အန်က ဗီယက်နမ် စီးပွားရေးတိုင်းမ်သို့ တနင်္လာနေ့က ပြောကြားသည်။

၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက်မှ စပြီး ဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံများသည် ၁၉၉၄ခုနှစ်က လက်မှတ်ရေး ထိုးခဲ့သော အထည်အလိပ်နှင့်အဝတ်အထည်ဆိုင်ရာ ဥရုဂွေး ဆွေးနွေးပွဲ သဘောတူချက်အရ အထည်အလိပ်နှင့် အဝတ် အထည်ပို့ ကုန်များအပေါ် ခွဲတမ်းကန့်သတ် ချုပ်ချယ်မှု ခံရတော့မည်မဟုတ်ဟု သိရသည်။ **(အင်တာနက်)**

## ဝင်ရိုးစွန်းရေခဲများ အရည်ပျော်ကျမှု နှေးကွေးသွားစေရန် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး အမေရိကန်ကို တိုက်တွန်း

စတော့ဟုမ်း နိုဝင်ဘာ ၁၆

**ဝင်ရိုးစွန်း ရေခဲများလက်ရှိ အရည်ပျော်ကျနေမှု နှေးကွေးသွားစေရန် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချပေးရန် အမေရိကန်ပြည်ထောင်စုအား အာတိတ်ဒေသနေ ပြည်သူများက တိုက်တွန်းလိုက်ကြောင်း အိုက်စ်လင်းဒစ်ဝက်ဘ်ဆိုက်က တနင်္လာနေ့၌ သတင်းပေးပို့သည်။**

ထိုအာတိတ်ဒေသနေ လူများ၏ ရှေးရိုးအစဉ်အလာ လူနေမှုဘဝသည် ကမ္ဘာကြီးပူနွေးမှုကြောင့် အန္တရာယ်ရှိကြောင်း အိုက်စ်လင်း ဒေသရီးကျာဗစ်၌ ကျင်းပသောညီလာခံ၌ ၎င်းတို့က သတိပေးထားသည်။ အမေရိကန်ပြည်ထောင်စုသည် ကျိုတိုသဘောတူချက်ကို လက်မှတ်မထိုးခြင်းဖြင့် ထိုကမ္ဘာကြီးပူနွေးမှုပြဿနာကို ဖယ်ရှားရန် ကြိုးပမ်းမှုများအား ပျက်ပြားအောင် အမေရိကန်ပြည်ထောင်စုက လုပ်ဆောင်ခဲ့ကြောင်း ၎င်းတို့က စွပ်စွဲခဲ့သည်။

**သတိပေး**

သိပ္ပံပညာရှင်များက ထိုဝင်ရိုးစွန်းဒေသသည် အခြားကမ္ဘာ့ဒေသများနည်းတူ ပူနွေးလာနေကြောင်း သတိပေးထားသည်။ ရာသီဥတု ပြောင်းလဲမှုသည် ရာသီဥတု သို့မဟုတ် ပင်လယ်ရေခဲမှုအခြေအနေအကြောင်းအရာမျှသာမဟုတ်ဘဲ လူနေမှုဘဝထိန်းသိမ်းမှုကို တိုက်ခိုက်မှု တစ်ခုလည်းဖြစ်ကြောင်း လေးရက်ကြာ ကျင်းပသည့်ညီလာခံအပြီး၌ ညီလာခံဥက္ကဋ္ဌ ရှီလာဝပ်ကလောက်တီယာက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်းများ ပြပွဲတစ်ရပ်တွင် အယ်လ်ဂျီမှ အသစ်တီထွင်ထုတ်လုပ်ထားသည့် ရုပ်မြင်သံကြား မိုဘိုင်းလ်ဖုန်းကို အရောင်းဝန်ထမ်း တစ်ဦးက ပြသနေစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



## ဖိနပ်ပို့ကုန် ဒေါ်လာ ၂ဒသမ ၆ဘီလီယံဖိုး ပြည်ပသို့ ဗီယက်နမ် တင်ပို့ရောင်းချမည်

ဟန္နွိုင်း နိုဝင်ဘာ ၁၆

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၌ ဖိနပ်ပို့ကုန်(ဒေါ်လာ ၂ဒသမ၆ဘီလီယံ) ဖိုးထက်မနည်း ပြည်ပသို့ တင်ပို့ရောင်း ချရန် မျှော်လင့်ထားရာ ယမန်နှစ်က ထက် ၁၈ဒသမ ၂ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ် သားရေနှင့် ဖိနပ်လုပ်ငန်းအသင်း(လီဖာဆို)က တနင်္လာနေ့၌ ပြောကြားသည်။**

ဗီယက်နမ်နိုင်ငံ၏ ဖိနပ်ဝယ်လိုအားသည် ဥရောပသမဂ္ဂ(အီးယူ)၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုအပြင် ထိုင်း၊ တောင်ကိုရီးယားတို့တွင် မြင့်တက် လျက်ရှိကြောင်း လီဖာဆိုက ပြောကြားသည်။ ရှေ့လထဲ၌ ဗီယက်နမ် နိုင်ငံသည် ဖိနပ်တင်ပို့မှုမှ (ဒေါ်လာသန်း ၂၆၀) ရနိုင်ကြောင်းလည်း လီဖာဆိုက ပြော ကြားသည်။

**တင်ပို့**

ဗီယက်နမ်နိုင်ငံသည် ဇန်နဝါရီနှင့် နိုဝင်ဘာ ကြားတွင် အဓိကအားဖြင့် ရှူးဖိနပ်များကို (ဒေါ်လာ ၂ဒသမ ၃ ဘီလီယံ)ဖိုး တင်ပို့ခဲ့ရာတွင် ၈၀ရာခိုင် နှုန်းမှာ အီးယူသို့တင်ပို့ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ခုနှစ်အတွင်း၌ ရှူးဖိနပ်နှင့် ညှပ်ဖိနပ်အရံသန်း ၄၃၀ထုတ်လုပ်ရန် မျှော်မှန်းထားရာ နှစ်ချင်းအလိုက် ၁၀ဒသမ ၃ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု လီဖာဆိုအသင်းက ပြောကြား သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်၌ ဖိနပ်ပို့ကုန်ကို (ဒေါ်လာ ၃ဒသမ ၁ဘီလီယံ)ဖိုးအထိ စံချိန်တင်ရန် စီစဉ်ထားပြီး ၂၀၀၆ခုနှစ်၌(ဒေါ်လာ ၆ဒသမ ၂ဘီလီယံ)ဖိုး တင်ပို့မည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**






# ဘာကူဘာမြို့ ရဲစခန်းများအား အီရတ်ပြောက်ကျားတို့စီးနင်း အမေရိကန်တပ်ဖွဲ့ဝင်များကလည်း လေကြောင်းမှတိုက်ခိုက်

ဘာကူဘာ နိုဝင်ဘာ ၁၇

**အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ အခြားနေရာများနှင့် ရဲစခန်းများအား လက်နက်ကိုင်ပြောက်ကျားများက တနင်္လာနေ့တွင် စီးနင်းတိုက်ခိုက်ပြီးနောက် အမေရိကန်တပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လက်နက်ကိုင်ပြောက်ကျား ၂၀ခန့်သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**



လက်နက်ကိုင် ပြောက်ကျားများက ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက ရဲစခန်းအား ပြန်လည်သိမ်းပိုက်ရန် တိုက်ခိုက်သဖြင့် မြို့တော်၏ အရှေ့မြောက်ဘက် မိုင်၄၀အကွာရှိ ဘာကူဘာမြို့တစ်လျှောက် ပေါက်ကွဲသံများနှင့် သေနတ်သံများ ပဲ့တင်ထပ်လျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘာကူဘာ၏ တောင်ဘက်အနီး ဘူရစ်မြို့ရှိ အခြားရဲစခန်းလည်း တိုက်ခိုက်ခံခဲ့ရသည်။

**ကြဲချခဲ့**

လက်နက်ကိုင်ပြောက်ကျား ၁၅ဦးထက်မနည်းသည် မြို့ပြင်မှ ဘတ်စ်ကားဖြင့် ရောက်လာပြီး အခြားလက်နက်ကိုင် ခုခံရေးသမားများနှင့် တိုက်ခိုက်မှုတွင် ပူးပေါင်းခဲ့ပြီးနောက် အမေရိကန်လေယာဉ်များက ပေါင် ၅၀၀ဗုံးနှစ်လုံးကို ဘာကူဘာမြို့ပေါ်သို့ ကြဲချခဲ့သည်။

လက်နက်ကိုင်ခုခံရေးသမား အချို့က ခေါင်မိုးများပေါ်တွင် နေရာယူထားကြပြီး အချို့ကလမ်းများကို ပိတ်ဆို့ကာ လမ်းဘေးဗုံးများထောင်ရန် စီစဉ်ခဲ့ကြကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဘီလ်ကော့ပါနိုးလ်က ပြောကြားသည်။

**သေဆုံး**

လက်နက်ကိုင် တိုက်ခိုက်မှုများ၊ အမြောက်များနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် လက်နက်ကိုင်ပြောက်ကျား ၂၀ခန့်သေဆုံးကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရရှိပြီး ၎င်းတို့အနက်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကော့ပါနိုးလ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# အီရတ်၌ ပြီးခဲ့သောသီတင်းပတ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၁၉ဦး ဒဏ်ရာရရှိခဲ့

ဘာလင် နိုဝင်ဘာ ၁၆

**အီရတ်တွင်ပြီးခဲ့သောအပတ်က ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၄၁၉ဦးအား ဂျာမနီနိုင်ငံအနောက်ပိုင်း လန်ဒ်စတူးလ်အရပ်ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာဆေးရုံတွင် ဆေးဝါးကုသပေးခဲ့ရသည်ဟု ဆေးဘက်ဆိုင်ရာမှ တနင်္ဂနွေနေ့က ပြောကြားသည်။**

**သယ်ယူ**

ကြာသပတေးနေ့ တစ်နေ့တည်းမှာပင် ဒဏ်ရာရအမေရိကန်တပ်ဖွဲ့ဝင် ၁၀၄ ဦးအား လေယာဉ်ဖြင့် သယ်ယူခဲ့ကြောင်း၊ စနေနေ့တွင် ထပ်မံ၍ တပ်ဖွဲ့ဝင် ၇၀အား သယ်ယူခဲ့ရကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ မာရီရော့က သတင်းဌာနများအား ပြောကြားခဲ့သည်။

**အများဆုံး**

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်တို့ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့သော ဖလူးဂျာမြို့တွင် အများဆုံးဒဏ်ရာရရှိခဲ့ကြခြင်း ဖြစ်သည်။ ဒဏ်ရာရရှိသူများထဲမှ ၁၉၆ ဦးအား ဆေးဝါးကုသမှုပြုလုပ်ပေးပြီးနောက် အမေရိကန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း ရော့က ပြောကြားသည်။

**အကြီးဆုံး**

ဂျာမနီနိုင်ငံ လန်ဒ်စတူးလ်အရပ်ရှိ ဆေးရုံသည် အမေရိကန်နိုင်ငံပြင်ပရှိ ခုတင် ၃၀၀ ဆံ့ အကြီးဆုံး အမေရိကန်စစ်ဆေးရုံဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဖလူးဂျာမြို့ ပြင်းထန်သော တိုက်ပွဲများအတွင်း ပြည်သူထောင်ပေါင်းများစွာ အကူအညီမဲ့ပြီး ပိတ်မိနေ

ဖလူးဂျာ နိုဝင်ဘာ ၁၇

**အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားနေသော ဖလူးဂျာမြို့၌ ထောင်ပေါင်းများစွာသော မိသားစုဝင်များသည် အပူတပြင်းလိုအပ်သော အထောက်အပံ့များဖြစ်သည့် ရေ၊ အစားအစာနှင့် အကူအညီ အထောက်အပံ့များမရရှိဘဲ မြို့အတွင်းတွင် ပိတ်မိနေကြသည်။**

လခြမ်းနီအဖွဲ့မှ ထရပ်ကားများနှင့် လူနာတင်ယာဉ်များသည် ဖလူးဂျာ မြို့၏ အနောက်ဘက် မြို့စွန်ရှိဆေးရုံတွင် ရောက်ရှိနေပြီး ဒေသခံပြည်သူများအား အကူအညီပေးရန်အတွက် ယူဖရေးတီးမြစ်ကို ဖြတ်ကျော်၍ မြို့တွင်းသို့ ဝင်ရောက်ရန် အလွန်အန္တရာယ်များလျက်ရှိသည်။

**အကူအညီပေးရေး**

ဖလူးဂျာမြို့တွင် အမေရိကန်နှင့် ခုခံတိုက်ခိုက်ရေးသမားများသည် အစွမ်းကုန် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသောကြောင့် အီရတ်ပြည်သူများအတွက် ဖလူးဂျာမြို့သည် သဘာဝ ဘေးဒုက္ခကြီးကဲ့သို့ ဖြစ်နေကြောင်း အကူအညီပေးရေးအုပ်စုများက ဆိုသည်။

နေ့စဉ်လေကြောင်းမှ တိုက်ခိုက်နေသည့်ကြားမှပင် ဖလူးဂျာမြို့မှ ပြည်သူသုံးသိန်းသည် ထွက်ပြေးလွတ်မြောက် လာခဲ့သည်။ သို့သော် ထောင်ပေါင်းများစွာသော ပြည်သူများသည် ၎င်းတို့၏ပတ်ဝန်းကျင်တွင် တိုက်ပွဲများပြင်းထန်နေသောကြောင့် ရန်းမထွက်နိုင်ဘဲ ပိတ်မိနေကြသည်။

**ရင်ဆိုင်နေရ**

ယင်းတိုက်ပွဲကြောင့် အီရတ်ပြည်သူများ၏ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှု စာရင်းမသိရှိရသေးပေ။ မြို့တွင်းမှ ရန်းမထွက်နိုင်သေးသော အီရတ်ပြည်သူများသည် နာကျင်မှု၊ ဆာလောင်မှုနှင့် စိုးရိမ်ထိတ်လန့်မှုများနှင့် ရင်ဆိုင်နေကြရသည်။

လခြမ်းနီအဖွဲ့မှ အီရတ်ပြည်သူများအား အကူအညီပေးရန် ဖလူးဂျာမြို့တွင်းသို့ ဝင်ရောက်နိုင်ရန်အတွက် ယခုအချိန်အထိ အမေရိကန်တို့၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရသေးကြောင်း လခြမ်းနီအဖွဲ့အတွင်းရေးမှူးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



မိုဆူးလ်မြို့အနီးတွင် ရေနံသိုလှောင်ရုံတစ်ခု မီးလောင်နေသည်ကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

## ဆေးရုံ၌ ဆေးကုသ

**ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်မိန်းကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ကွန်ဒိုလီဇာရိုက်စ်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ်ရွေးချယ်

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

နုတ်ထွက်သွားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နေရာတွင် အစားထိုးရန် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်က ၎င်း၏အယုံကြည်ရဆုံးလူတစ်ဦးဖြစ်သူ အမျိုးသားလုံခြုံရေးအကြံပေး ကွန်ဒိုလီဇာရိုက်စ်ကို ရွေးချယ်လိုက်ကြောင်း ဝါရှင်တန်အုပ်ချုပ်ရေးတာဝန်ရှိသူများက တနင်္လာနေ့၌ ပြောကြားသည်။

ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးစတီဖင်ဟက်ဒ်လီအား ရိုက်စ်၏ နေရာတွင် အစားထိုးမည်ဖြစ်ကြောင်းဖြင့်လည်း အဆိုပါတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# လက်နက်မဲ့ဒဏ်ရာရ အီရတ်အကျဉ်းသားတစ်ဦးအား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကပစ်သတ်ခဲ့

လန်ဒန် နိုဝင်ဘာ ၁၇

**ဖလူးဂျာတွင် လက်နက်မဲ့ဒဏ်ရာရထားသော အီရတ်အကျဉ်းသားတစ်ဦးအား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက ပစ်သတ်ခဲ့ကြောင်း အမေရိကန် အင်န်ဘီစီ ရုပ်မြင်သံကြားသတင်းဌာနက တနင်္လာနေ့၌ သတင်းထုတ်လွှင့်ပြသခဲ့သည်။**

သောကြာနှင့် စနေနေ့၌ မရိန်းတပ်ဖွဲ့ဝင်များက တိုက်ခိုက်ပြီးနောက် အဆောက်အအုံတစ်ခုထဲ၌ ကျန်ရစ်ခဲ့သော ဒဏ်ရာရအကျဉ်းသား ငါးဦးထဲမှ ယခုပစ်သတ်ခံရသော အီရတ်မှာ တစ်ဦးဖြစ်သည်။ ထိုသတင်းနှင့် စပ်လျဉ်း၍ ပင်တဂွန်က မှတ်ချက်ပေးခြင်းမရှိဟု ဆိုသည်။

**ခုခံနေ**

အမေရိကန်တပ်များသည် ပြီးခဲ့သည့်အပတ်၌ ဖလူးဂျာမြို့အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာတွင် မြို့တစ်မြို့လုံးနီးပါးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း ကစဉ့်ကလျား ခုခံမှုများ ရှိနေမြဲဖြစ်သည်။

အဆိုပါ အဆောက်အအုံသည် အမေရိကန်တပ်များကို ပြောက်ကျားတို့ တိုက်ခိုက်ရာ၌ အသုံးပြုသော အဆောက်အအုံဖြစ်ကြောင်း၊ ယင်းအဆောက်အအုံအား အမေရိကန်တပ်များက တိုက်ခိုက်ခဲ့ရာ၌ ပြောက်ကျား ၁၀ ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့ကြောင်း အင်ဘီစီသတင်းထောက် ကီဗင်ဆိုက်က ပြောကြားသည်။

**ပစ်သတ်**

ဒုတိယအသုတ် မရိန်းတပ်ဖွဲ့ဝင်များ စနေနေ့၌ အဆောက်အအုံထဲသို့ ဝင်လာသောအခါ အကျဉ်းသားတစ်ဦး အသက်ရှူနေဆဲရှိသည်ကို မရိန်းတပ် ဖွဲ့ဝင်တစ်ဦးက သတိပြုမိခဲ့ကြောင်း၊ အဆိုပါ မရိန်းတပ်ဖွဲ့ဝင်က သူ၏သေနတ်ဖြင့် အသက်ရှူနေသေးသူ၏ ဦးခေါင်းကို ပစ်သတ်လိုက်ကြောင်း သတင်းထောက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



# ၂၀၀၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာအောင်မြင်ကြသူများ

**နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်း အဝေး(၂၀၀၄)သို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားပြီး ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိခဲ့သည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မန္တလေးမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ မသီသီထွေးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယရရှိခဲ့သည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ စတုတ္ထရရှိခဲ့သည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မပန်းအိစံအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

**(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ သတ္တမရရှိခဲ့သည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအိမွန်အောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)

✳ *ကျော်ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီး ချုပ်(လေ)နှင့် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီး များ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန မှတပ်မတော် အရာရှိကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ အစိုးရအဖွဲ့ရုံး နှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန် ကြားရေးမှူးချုပ်များ၊ ဗဟိုဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဦးစီးဌာနနှင့် လုပ်ငန်း များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄) ကျင်းပရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌ များနှင့်ဆပ်ကော်မတီဝင်များ၊ သတင်း စာဆရာများ၊ မြန်မာနိုင်ငံ စစ်မှုထမ်း ဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစား အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတ အစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၊မြန်မာနိုင်ငံရိုးရာပန်းပညာ ရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ် ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာ နိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ် များ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးများ၊ ပြည်နယ်၊တိုင်း၊ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ၊ ၂၀၀၄ ခုနှစ် ထူးချွန်လူငယ်များနှင့် အထူးဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

### အခမ်းအနားမှူး

အစည်းအဝေးတွင် အခမ်းအနား မှူးအဖြစ် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်သီဂီ အောင်က ဆောင်ရွက်ပြီး တွဲဖက် အခမ်းအနားမှူးအဖြစ်ကယားပြည်နယ် ရှားတောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်ချောစုရည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းနာယကကြီး၏ ခွင့်ပြုချက်အရ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်း အဝေး၏ စတုတ္ထနေ့အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာသည်။

အစီအစဉ်အရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သြဝါဒစကားမြွက်ကြား သည်။ **(နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒ စကားကိုသီးခြားဖော်ပြထားပါသည်။)**

***စာမျက်နှာ ၇ သို့***



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ အဋ္ဌမရရှိခဲ့သည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မခင်ကြူကြူထွေးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒသမရရှိခဲ့သည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇာနီကိုအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**

နယ် ဝက်ဝံတွဲဖက်အခြေခံပညာ အထက်တန်းကျောင်းမှ မမေသန္တာကျော်၊ မြန်မာတစ်ပြည်လုံးတွင် သတ္တမ ရရှိခဲ့သည့် မန္တလေးတိုင်း မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မစိုးသက်စံ၊ မြန်မာတစ်ပြည်လုံးတွင် သတ္တမရရှိခဲ့သည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းမှ မအိမ္မွန်အောင်၊ မြန်မာတစ်ပြည်လုံးတွင် သတ္တမရရှိခဲ့သည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်းမှ မမေမိုး၊ မြန်မာတစ်ပြည်လုံးတွင်အဋ္ဌမရရှိခဲ့သည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မယဉ်မွန်မွန်အောင်၊ မြန်မာတစ်ပြည်လုံးတွင် အဋ္ဌမရရှိခဲ့သည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မခင်ကြူကြူထွေး၊ မြန်မာတစ်ပြည်လုံးတွင် နဝမရရှိခဲ့သည့်အပြင် ပဲခူးတိုင်း(အရှေ့)တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ပဲခူးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ရဲဝင်း အောင် မြင်ကြသူများ၊ မြန်မာတစ်ပြည်လုံးတွင် ဝိဇ္ဇာဘာသာတွဲဖြင့် အဆင့်(၁)မှ(၁၀)အထိ ရရှိကြသူများ ဖြစ်ကြသည့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိခဲ့သည့်အပြင် ဧရာဝတီတိုင်း တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့ သော ငပုတောမြို့နယ် ပြင်ခရိုင်အခြေခံပညာ အထက်တန်း ကျောင်းမှ မတင်နွယ်လင်း၊ မြန်မာ ဆဋ္ဌမရရှိခဲ့သည့် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကြပ်ကွင်းရွာမှ မောင်ပိုင်စိုး၊ မြန်မာတစ်ပြည်လုံးတွင် သတ္တမရရှိခဲ့သည့် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်း ကျောင်းမှ မသွယ်သွယ်ပို၊ မြန်မာတစ်ပြည်လုံးတွင် သတ္တမရရှိခဲ့သည့် မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင် အခြေခံပညာအထက်တန်း



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီဂီအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကယားပြည်နယ် ရှားတောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် ဒေါ်ချောစုရည်က ဆောင်ရွက်စဉ်။** (သတင်းစဉ်)

# ၂၀၀၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာအောင်မြင်ကြသူများ



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ စတုတ္ထရရှိခဲ့သည့် ဧရာဝတီတိုင်း ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဆွေငြိမ်းလှိုင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပဉ္စမရရှိခဲ့သည့်အပြင် ကချင်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မိုးညှင်းမြို့နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်း ကျောင်းမှ မဝေလှိုင်ဖြိုးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ သတ္တမရရှိခဲ့သည့် မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင် အခြေခံပညာအထက်တန်းကျောင်းခွဲမှ မောင်ချမ်းမင်းကိုကိုအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒသမရရှိခဲ့သည့်အပြင် မွန်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ချောင်းဆုံမြို့နယ် မူးရစ်ကလေး အခြေခံပညာအထက်တန်းကျောင်းမှ မအိသဲဖြူအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)

***စာမျက်နှာ ၆ မှ***

## ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၄ခုနှစ် ထူးချွန်လူငယ်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာတွင် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ကြသူများ၊ မြန်မာတစ်ပြည်လုံးတွင် သိပ္ပံဘာသာတွဲဖြင့် အဆင့်(၁)မှ(၁၀) အထိရရှိကြသူများဖြစ်ကြသည့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိခဲ့သည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇင်လင်း၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိခဲ့သည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာပထမရရှိခဲ့သော မန္တလေးမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ မသီသီထွေး၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယရရှိခဲ့သည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲဦး၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယရရှိခဲ့သည့်အပြင် ရန်ကုန်တိုင်းတွင်လည်း ပထမရရှိခဲ့သော ကမာရွတ်မြို့နယ်ရှိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ မမြတ်နိုးဇင်မြင့်၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ တတိယရရှိခဲ့သည့် မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရဲမင်းဦး၊ မြန်မာတစ်ပြည်လုံးတွင် စတုတ္ထရရှိခဲ့သည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မပန်းအိစံ၊ မြန်မာတစ်ပြည်လုံးတွင် စတုတ္ထရရှိခဲ့သည့်အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်လည်း ထူးချွန်စွာပထမရရှိခဲ့သော တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ပြည့်ဖြိုးကျော်၊ မြန်မာတစ်ပြည်လုံးတွင် ပဉ္စမရရှိခဲ့သည့် မန္တလေးတိုင်း မန္တလေးမြို့ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ မယုယုချစ်၊ မြန်မာတစ်ပြည်လုံးတွင် ဆဋ္ဌမရရှိခဲ့သည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ထွန်း၊ မြန်မာတစ်ပြည်လုံးတွင် နဝမရရှိခဲ့သည့် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မနှင်းဝင့်ဝင့်အောင်၊ မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့သည့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဇာနီကိုနှင့် မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့သည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မသူသူအောင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ တစ်ပြည်လုံးတွင် ထူးချွန်စွာ ဒုတိယရရှိခဲ့သည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မိတ္ထီလာမြို့နယ် ကန်နီကျေးရွာမှ မောင်ယဉ်ကျေး၊ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ တတိယရရှိခဲ့သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်မှ မောင်ကြည်ဇော်လတ်၊ မြန်မာတစ်ပြည်လုံးတွင် စတုတ္ထရရှိခဲ့ သည့် ဧရာဝတီတိုင်း ရေကြည်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဆွေငြိမ်းလှိုင်၊ မြန်မာတစ်ပြည်လုံးတွင် ပဉ္စမရရှိခဲ့သည့်အပြင် ကချင်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မိုးညှင်းမြို့နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မဝေလှိုင်ဖြိုး၊ မြန်မာတစ်ပြည်လုံးတွင် ကျောင်းခွဲမှ မောင်ချမ်းမင်းကိုကို၊ မြန်မာတစ်ပြည်လုံးတွင် အဋ္ဌမရရှိခဲ့သည့် ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် ရှမ်းရွာ(အိုင်သပြု) အခြေခံပညာအထက်တန်းကျောင်းခွဲမှ မောင်နေမျိုးလင်း၊ မြန်မာတစ်ပြည်လုံးတွင် နဝမရရှိခဲ့သည့် ကချင်ပြည်နယ် ဖားကန့်မြို့နယ် တာမခန်း အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်သိန်းဝင်း၊ မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့သည့်အပြင် မွန်ပြည်နယ်တွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော ချောင်းဆုံမြို့နယ် မူးရစ်ကလေးအခြေခံ ပညာအထက်တန်းကျောင်းမှ မအိသဲဖြူနှင့် မြန်မာတစ်ပြည်လုံးတွင် ဒသမရရှိခဲ့သည့်

***စာမျက်နှာ ၁၁ သို့***

# ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသာမက လူမှုစီးပွားရေးဘဝဖွံ့ဖြိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးပါ
# လွန်ခဲ့သည့်၁၀နှစ်ကျော်ကာလအတွင်း မော်တော်ကားလမ်းမြို့ချင်းဆက်ရွာ

■ ရှေ့ဖုံးမှ

မောင်တို့မယ်တို့ အသင်းဝင်များဟာ အသင်းကြီးရဲ့ အခြေခံစည်းမျဉ်းမှာပါရှိတဲ့ ရည်မှန်းချက်များ၊ အခြေခံမူများ၊ ကျင့်ဝတ်နဲ့ တာဝန်ဝတ္တရားများနှင့်အညီ အမျိုးသားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်ခဲ့ကြတာတွေ့ရှိရတယ်။

**အမျိုးသားအင်အားစု**

လူငယ်လူလတ် အင်အားစုကြီးဖြင့် ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ မျိုးဆက်သစ်လူငယ်များကို စည်းရုံး၊ လေ့ကျင့်၊ လှုပ်ရှားရင်း ခိုင်မာတဲ့ အမျိုးသားအင်အားစုအဖြစ် ဦးတည်နေပြီဖြစ်တယ်။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်ရာမှာအမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝတဲ့ မျိုးချစ်အင်အားစုကြီးလိုအပ်တယ်။

**မောင်တို့မယ်တို့–**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ အခြေခံ စည်းမျဉ်းမှာပြဋ္ဌာန်းထားတဲ့ ရည်မှန်းချက်များအတိုင်း ဖြစ်ပေါ်တိုးတက်အောင်လူငယ်များအား စည်းရုံးခြင်း၊ လေ့ကျင့်ပျိုးထောင်ခြင်း၊ ဖွံ့ဖြိုးရေးကဏ္ဍများတွင် အပြုသဘောရှေ့တန်းက ပူးပေါင်းပါဝင်ပြီး နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကို ဂုဏ်ပြုရမှာဖြစ်တယ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ လူငယ်များကို





**နိုင်ငံတစ်ဝန်း နယ်စပ်ဒေသမကျန် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အဝင် ပြည်ထောင်စုလမ်းမကြီးကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

အမျိုးသားရေး ခံယူချက်ပြည့်ဝရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ရရှိရေးအတွက် ဘာသာရပ်အသီးသီးကို ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်ပေးခဲ့တယ်။

အမှုဆောင်များ၊ စီမံခန့်ခွဲရေးသင်တန်း၊ အထူးမွမ်းမံသင်တန်း၊ အဆင့်မြင့်သင်တန်း၊ မြန်မာ့ရေးရာနဲ့ အပြည်ပြည်ဆိုင်ရာသင်တန်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပညာသင်တန်း၊ မြန်မာ့ဖွံ့ဖြိုးမှုလေ့လာရေးသင်တန်း၊ ဘာသာစကားသင်တန်း၊ နည်းပညာဆိုင်ရာသင်တန်း၊ အခြေခံလေကြောင်းနဲ့ ရေကြောင်းအတတ်ပညာသင်တန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း၊ အနုသုခုမသင်တန်းစတဲ့ သင်တန်းမျိုးစုံကို ကျယ်ကျယ်ဝန်းဝန်းဖွင့်လှစ်ပို့ချခဲ့တယ်။

အသင်းကြီးရဲ့ သက်တမ်းအတွင်း ဗဟိုအဆင့်မှ ကျေးလက်ဒေသအထိ အဆင့်အသီးသီးမှာ ဖွင့်လှစ်ခဲ့တဲ့သင်တန်းများတွင် လူငယ်လူရွယ်ပေါင်း ၁၈ သန်းကျော် တက်ရောက်ခဲ့ကြပြီးဖြစ်တယ်။ ယခုနှစ်နွေရာသီကာလအတွင်း ကျေးလက်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်းလုံးနေရာပေါင်း ၂၈၀၄၄နေရာမှာ ဖွင့်လှစ်ခဲ့တဲ့သင်တန်းများမှာ လူငယ်သင်တန်းသား သုံးသန်းခုနစ်သိန်းကျော် တက်ရောက်ခဲ့တာကို တွေ့ရှိရတယ်။

## ပင်လုံအစိုးရကွန်ပျူတာကောလိပ်

**အဆင့်မြင့်ပညာသင်ကြားမှုကို တစ်နိုင်ငံလုံး၌ တစ်ပြေးညီဖြစ်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ပင်လုံအစိုးရ ကွန်ပျူတာကောလိပ်ကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

**လေ့ကျင့်ပျိုးထောင်**

ပြီးခဲ့တဲ့နွေရာသီမှာ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်ခဲ့တဲ့ အမျိုးသားယဉ်ကျေးမှုနဲ့ စာရိတ္တပညာသင်တန်းများဟာ လူငယ်များကို စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်မှု၊ အမျိုးသားရေးလက္ခဏာများ၊ ထိန်းသိမ်းနိုင်စွမ်းရှိမှုများအတွက် လေ့ကျင့်ပျိုးထောင်ပေးတာဖြစ်တယ်။

လူငယ်များကို လေ့ကျင့်ပျိုးထောင်ရာမှာ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ နည်းပြဆရာများနဲ့ သင်တန်းတက်ရောက်ခဲ့ကြတဲ့ လူငယ်အပေါင်းကို ဂုဏ်ပြုကြရမှာဖြစ်တယ်။

**မောင်တို့မယ်တို့–**

အမျိုးသားယဉ်ကျေးမှုနဲ့ စာရိတ္တပညာသင်တန်းများ ဖွင့်လှစ်ခြင်းဖြင့် တစ်မျိုးသားလုံးရှေးယခင်ကတည်းက ခံယူကျင့်သုံးခဲ့တဲ့ အမျိုးသားအရည်



## အမျိုးသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံ၏အင်အား

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့ အင်အားဟာ ပဓာနအကျဆုံးဖြစ်တယ်။ တို့နိုင်ငံရဲ့သမိုင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးမြင့်မားတဲ့အခါ ပြည်သူတို့ရဲ့အင်အားဟာ ပိုမိုအားကောင်းလာတယ်။ ပြည်သူတို့ရဲ့အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံရဲ့အင်အားဖြစ်တယ်။

# ဖွံ့ဖြိုးရေးပါ အဓိကလိုအပ်သည့်အခြေခံအဆောက်အအုံမှာ လမ်းပန်းဆက်သွယ်ရေးဖြစ် ချင်းဆက်၊ရွာချင်းဆက်လမ်းများကို အရှိန်အဟုန်မြှင့်တိုးချဲ့ဖောက်လုပ်နိုင်ခဲ့

အချင်းတွေကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးခြင်းဖြစ်တယ်။ ပိုမိုကောင်းမွန်တဲ့မြန်မာ့လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်စွမ်းရှိတဲ့ မျိုးဆက်သစ်လူငယ်တို့ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဒီမိုကရေစီလူ့ဘောင်ထူထောင်ရေးမှာ လူသားအရင်းအမြစ်ဖြစ်တယ်။

အထက်မှာပြောခဲ့သလို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ စည်းရုံး၊ လေ့ကျင့်၊ လှုပ်ရှားရင်းခိုင်မာတဲ့ အမျိုးသားအင်အားစုကြီးကို ဖော်ဆောင်နေခြင်းဟာ နိုင်ငံတော်ကလိုအပ်တဲ့လူသားအရင်းအမြစ်ကို ဖြစ်ပေါ်စေတယ်။

**မောင်တို့မယ်တို့-**

ဒီနှစ်ကျင်းပတဲ့ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးမှာ ဆွေးနွေးချမှတ်ကြမယ့် အသင်းကြီးရဲ့ဦးတည်ချက်(၇)ရပ်ဟာ တိုင်းရင်းသားပြည်သူအားလုံးကို စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ လူမှုစီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့စွမ်းအားဖြင့် အဖျက်အန္တရာယ်မှကင်းဝေးအောင် ကာကွယ်ရေးတို့ကို အဓိကဦးတည်ထားတာကို တွေ့ရှိရမှာဖြစ်တယ်။

## အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်

ကျစ်လျစ်သိပ်သည်းခိုင်မာတဲ့ အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များဖြင့် ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်ရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်တယ်။

မောင်တို့မယ်တို့ဟာ နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေကို လေ့လာဆန်းစစ်နိုင်စွမ်းရှိတဲ့ မျိုးချစ်လူငယ်ခေါင်းဆောင်တွေဖြစ်ကြတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်တစ်ဝက်ကို ပြန်လည်ဆန်းစစ်ရင် ကိုလိုနီခေတ်ဘဝပေးအခြေအနေကြောင့် နိုင်ငံရေးအားဖြင့် စည်းလုံးညီညွတ်မှုအားလျော့ခဲ့တယ်။

အချင်းချင်း အထင်အမြင်လွဲမှားမှုဒဏ်ကို အားလုံးခံစားခဲ့ရတယ်။ နှစ်ပေါင်း ၄၀ ကျော် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်ကြောင့် မြန်မာ့သမိုင်းမှာ အမည်းစက်ရှိခဲ့ရဖူးတယ်။ ကိုလိုနီခေတ် ဘဝပေးအခြေအနေကြောင့် နိုင်ငံသားများဟာ အဖက်ဖက်က နိမ့်ကျတဲ့အခြေအနေဖြင့်သာရပ်တည်ခဲ့ရပြီး လွတ်လပ်ပြီးစကာလမှာလည်း ကိုလိုနီခေတ်သွေးခွဲအုပ်ချုပ်မှုကြောင့် စည်းလုံးညီညွတ်မှုအားလျော့ခဲ့ရပြီး အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆုံးရှုံးခဲ့ရတယ်။

## ဦးတည်ချက်များ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြတဲ့ မောင်တို့မယ်တို့ဟာ အဲဒီပကတိဖြစ်ရပ်မှန်တွေကို လေ့လာဆန်းစစ်ခဲ့ကြပြီးဖြစ်တယ်။ ဒို့တာဝန်ယူတဲ့ကာလမှာ ချမှတ်ကျင့်သုံးနေတဲ့ နိုင်ငံရေးဦးတည်ချက်များဟာ နိုင်ငံရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးစလုံးကို လွှမ်းခြုံထားတဲ့ဦးတည်ချက်များဖြစ်တယ်။ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များဟာလဲ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ချမှတ်ခဲ့တာဖြစ်တယ်။

**မောင်တို့မယ်တို့-**

အဲဒီဦးတည်ချက်တွေကို နိုင်ငံတော်အစိုးရဟာ နိုင်ငံသားပြည်သူအပေါင်းနဲ့အတူ မမိုတ်မသုန် အလေးအနက်အကောင်အထည်ဖော်ခဲ့တယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်ကာလဟာ ဦးတည်ချက်များ အောင်မြင်ရေးအတွက် အဖက်ဖက်မှာ ရင်းနှီးမြှုပ်နှံခဲ့ရတဲ့ ကာလအဖြစ် မြင်တွေ့ကြရမှာဖြစ်တယ်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးမှာ အဓိကအကျဆုံးလိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မမိုတ်မသုန်ယုံကြည်တယ်။ အဲဒီယုံကြည်ချက်အရ နိုင်ငံတော်ရဲ့တာဝန်ကို မလွှဲမရှောင်သာ ရယူပြီးတဲ့နောက်မှာ ပထမဆုံး ဦးစားပေးဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတာဝန်ကြီးဟာ တောတွင်းလက်နက်ကိုင်အင်အားစုများနဲ့ ငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းခဲ့ခြင်းဖြစ်တယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံရဲ့ အရေးအကြီးဆုံးလိုအပ်ချက်အဖြစ် အားလုံးက ရှုမြင်နိုင်စွမ်းရှိတာကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်ဟာ အောင်မြင်လာခဲ့တယ်။ အချင်းချင်း ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပြီး နယ်စပ်ဒေသအသီးသီးရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုသိသိသာသာ တိုးတက်လာခဲ့တာ အားလုံးမြင်တွေ့ရတဲ့အတိုင်းဖြစ်တယ်။

## အမျိုးသားစည်းလုံးညီညွတ်ရေး

အဲဒီလို တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုအခြေအနေကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းပြီး မိမိကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်ခဲ့တယ်။ နယ်စပ်ဒေသတွေမှာ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်း၊ စိုက်ပျိုးမွေးမြူရေးအပိုင်း၊ ပညာရေး၊ ကျန်းမာရေးအပိုင်းတွေမှာ သိသိသာသာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်၊ ဒီလိုစီမံကိန်းလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရဟာ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူတို့နဲ့ လက်တွဲဆောင်ရွက်ခဲ့တယ်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပထမဆုံး စတင်ခဲ့တာဟာ လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရတဲ့ နယ်စပ်ဒေသတွေမှာဖြစ်တယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဟာ သမိုင်းရဲ့လိုအပ်ချက်ဖြစ်တယ်။ အားလုံးစေတနာမှန်နဲ့ ဖော်ဆောင်ခဲ့တာကြောင့် သိသာတဲ့ဖွံ့ဖြိုးမှုရလဒ်တွေ ပေါ်ထွန်းလာခဲ့တယ်။ ဖွံ့ဖြိုးမှုနဲ့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေခံကောင်းတွေလဲ တစ်ပါတည်းဖွံ့ဖြိုးလာခဲ့တယ်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

**မြန်မာ အင်ဂျင်နီယာပညာရှင်များဖြင့် တည်ဆောက်ခဲ့ပြီး မကြာမီဖွင့်လှစ်တော့မည့် အရှည်ပေ ၁၁၅၇၅ ရှိသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးဖြစ်သည့် သံလွင်မြစ်ကူး(မော်လမြိုင်)တံတားကြီး တည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



## ခေတ်မီနိုင်ငံတော်သစ်နှင့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး နိုင်ငံတော်အစိုးရကတည်ဆောက်ပေးထားသောအခြေခံအုတ်မြစ်များ

- ❑ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်တည်ဆောက်ရာမှာ အကြားအလပ်မရှိ ကွက်လပ်မကျန်ရေးအခြေခံမူနဲ့ဆောင်ရွက်ခဲ့။
- ❑ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၇ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၇၁ ခုတည်ဆောက်ခဲ့၊ ဆက်လက်ပြီး ဆည်မြောင်းစီမံကိန်း ၃၆ ခုနဲ့ မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲဖြစ်။
- ❑ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအား တပ်ဆင်မှုပမာဏဟာ ၇၀၇ မဂ္ဂါဝပ်ရှိခဲ့၊ နိုင်ငံတော်အစိုးရဟာ ၁၀နှစ်ကျော်ကာလအတွင်း နောက်ထပ် ၇၆၇ မဂ္ဂါဝပ် တိုးတက်တပ်ဆင်ခဲ့ပြီးဖြစ်။
- ❑ ၁၉၈၈ ခုနှစ်တုန်းက တစ်နိုင်ငံလုံးမှာ လမ်းမိုင် ၂၁၄၈၃ မိုင်သာရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်မှာ လမ်းမိုင် ၅၆၆၉၅ မိုင် ဖောက်လုပ်ခဲ့တဲ့အတွက် လမ်းမိုင် ၃၅၂၁၂ မိုင် တိုးတက်လာခဲ့ပြီဖြစ်၊ လမ်းပန်းဆက်သွယ်ရေးမှာအရေးပါတဲ့ ရထားလမ်းအသစ် ၁၁၂၈ မိုင် ဖောက်လုပ်ခဲ့ပြီး ယခုအခါ ရထားလမ်း ၃၉၂၁ မိုင်အထိ ရှိနေပြီဖြစ်။
- ❑ လေဆိပ်အသစ် ၁၂ ခုကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းအပါအဝင် လေယာဉ်ကွင်း ၃၃ ကွင်းအထိ ရှိလာပြီဖြစ်။
- ❑ ယခုအခါ အခြေခံပညာကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံးအခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်းအခြေခံပညာသင်ယူခွင့်ရရှိရေးကို စီမံကိန်းချမှတ်ဆောင်ရွက်နေ၊ စီမံကိန်း၏ရလဒ်အဖြစ် ၁၉၈၈ ခုနှစ်က မူလတန်းအဆင့်ကျောင်းဝင်နှုန်း ၇၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုပညာသင်နှစ်မှာ ကျောင်းဝင်နှုန်း ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာ။
- ❑ လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ ခုနှစ်က စာတတ်နှုန်း ၇၈ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၀၄ခုနှစ်မှာ ၉၃ဒသမ၃ရာခိုင်နှုန်းအထိ တိုးတက်လာ၊ ၁၉၈၈ ခုနှစ်မှာ အဆင့်မြင့်ပညာ သင်ယူဆည်းပူးသူ တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်တွင် ကိုးသိန်းခန့်အထိ သိသိသာသာတိုးတက်လာ။ ဘာသာရပ်ပေါင်းစုံ တိုးချဲ့သင်ကြားနိုင်ရေး၊ ဘွဲ့လွန်ပညာတွင် ပါရဂူဘွဲ့အထိ သင်ကြားနိုင်ရေးကိုပါ မြှင့်တင်ဆောင်ရွက်ခဲ့။
- ❑ ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်ခဲ့တာကြောင့် နိုင်ငံ့တာဝန်လွှဲယူခဲ့တဲ့အချိန်နဲ့ နှိုင်းယှဉ်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂၄ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်။
- ❑ ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ခုရှိခဲ့ရာမှ ယခုအခါဆေးရုံပေါင်း ၈၁၃ ခုအထိဖွင့်လှစ်ခဲ့တာကြောင့် ၁၈၂ခုတိုးတက်လာ။

# မိမိနိုင်ငံဖွံ့ဖြိုးရေးပြည်သူများ၏အင်အားသည်ပဓာနအကျဆုံးဖြစ် အခြေခံအဆောက်အအုံများပိုမိုအားကောင်းလာအောင်တည်ဆောက်

စာမျက်နှာ ၉ မှ

**မောင်တို့မယ်တို့–**

နိုင်ငံတော်အစိုးရဟာ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်နဲ့တိုင်းရင်းသား ပြည်သူအားလုံးအတွက် ချမှတ်ကျင့်သုံးခဲ့တယ်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံအုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်က မမှိတ်မသုန်ယုံကြည်တယ်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးရဲ့အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောလိုတယ်။

**မောင်တို့မယ်တို့–**

နိုင်ငံတော်ရဲ့တာဝန်ကို ယူခဲ့ရတဲ့အချိန်ကစပြီး ယနေ့ကာလအထိ ဖြစ်ပေါ်တိုးတက်မှုတွေကို ဆန်းစစ်မယ်ဆိုရင် ၁၉၈၈ မှ ၁၉၉၂ အထိ ကာလ အပိုင်းအခြားဟာ တည်ငြိမ်အေးချမ်းမှုကို ကြိုးပမ်းတည်ဆောက်ခဲ့ရတဲ့ကာလ အဖြစ် မြင်တွေ့ရမယ်။

နိုင်ငံတော်မှာ နယ်စပ်ဒေသများအပါအဝင် တည်ငြိမ်အေးချမ်းမှု တိုးတက်လာတဲ့အချိန်ကစပြီး နိုင်ငံရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ခဲ့တယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကို တစ်မျိုးသားလုံးရဲ့ ပန်းတိုင်အဖြစ်ချမှတ်ခဲ့တယ်။

အဲဒီပန်းတိုင်သို့ ဦးတည် တည်ဆောက်ရေးမှာ တစ်မျိုးသားလုံးအတွက် အမျိုးသားနှစ်တိုစီမံကိန်းများ ရေးဆွဲချမှတ်ခဲ့တယ်။

## ထုထည်ပမာဏကြီးမား

အမျိုးသားစီမံကိန်း ချမှတ်အကောင်အထည်ဖော်ရေးမှာ ပင်မအကျဆုံးလိုအပ်ချက်ဟာ အခြေခံအဆောက်အအုံအပိုင်းဖြစ်တယ်။ တို့နိုင်ငံမှာ ဒေသအရရော၊ ကဏ္ဍအသီးသီးမှာပါ အခြေခံအဆောက်အအုံ မပြည့်စုံခဲ့တာ အားလုံးအသိပဲဖြစ်တယ်။ စီမံကိန်းအကောင်အထည်ဖော်ရာမှာ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဟာ ထုထည်ပမာဏကြီးမားလှတယ်။

ဒါကြောင့် စီမံကိန်းလုပ်ငန်းများမှာ အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံများတည်ဆောက်နိုင်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက်လိုအပ်ချက်တွေကို လျာထားအကောင်အထည်ဖော်ခဲ့တယ်။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာမှာ အကြားအလပ်မရှိ ကွက်လပ်မကျန်ရေး အခြေခံမှုနဲ့ ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် မောင်တို့မယ်တို့ သိပြီးဖြစ်တဲ့အတိုင်း နယ်စပ်ဒေသများဖွံ့ဖြိုးရေး၊ တစ်နိုင်လုံးဖြန့်ကြက်သတ်မှတ်ထားတဲ့ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များချမှတ်ပြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးမှုကို ကိုင်စွဲအကောင်အထည်ဖော်နေတယ်။

**မောင်တို့မယ်တို့–**

နိုင်ငံတော်ရဲ့စီးပွားရေးမှာ ယနေ့အထိ ထုထည်ပမာဏအကြီးဆုံးဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်တယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ယေဘုယျအားဖြင့် အလုပ်လုပ်နိုင်သူရဲ့ ၇၅ ရာခိုင်နှုန်း ပါဝင်ထမ်းဆောင်နေရတယ်။

စားသုံးမှုနဲ့ပြောမယ်ဆိုရင် အခြေခံစားကုန် ရာခိုင်နှုန်းပြည့်နီးပါးကို နိုင်ငံရဲ့လယ်ယာစိုက်ပျိုးရေးကဏ္ဍက ထုတ်လုပ်ပေးနေတယ်။

## အဓိကရင်းနှီးမြှုပ်နှံ

ဒါကြောင့် နိုင်ငံတော်ဟာ လယ်ယာကဏ္ဍရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် အဓိကရင်းနှီးမြှုပ်နှံနေတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၇ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၇၁ ခု တည်ဆောက်ခဲ့တယ်။ ဆက်လက်ပြီး ဆည်မြောင်းစီမံကိန်း ၃၆ခုနဲ့ မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲဖြစ်တယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူနေမှုစနစ်ကလိုအပ်တဲ့ လျှပ်စစ်စွမ်းအားထုတ်လုပ်ရေးကို ထုထည်ပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံနေတယ်။ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအား တပ်ဆင်မှုပမာဏဟာ ၇၀၇ မဂ္ဂါဝပ်ရှိခဲ့တယ်။ ဒီနေ့ နိုင်ငံတော်အစိုးရဟာ ၁၀နှစ်ကျော်ကာလအတွင်း နောက်ထပ် ၇၆၇ မဂ္ဂါဝပ် တိုးတက်တပ်ဆင်ခဲ့ပြီးဖြစ်တယ်။ တိုးတက်လာမယ့် စက်မှုလုပ်ငန်းနဲ့ လူနေမှုစနစ်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်အောင် အကြီးစား၊ အလတ်စား လျှပ်စစ်စွမ်းအား စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိတယ်။ လျာထားသတ်မှတ်ကာလအသီးသီးမှာ ပြီးမြောက်ပြီး လက်ရှိလိုအပ်ချက်အပြင် နောင်အနာဂတ်ရဲ့ လိုအပ်ချက်တွေကိုပါ ဖြည့်ဆည်းနိုင်မှာဖြစ်တယ်။

**မောင်တို့မယ်တို့–**

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသာမက လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးရေးနဲ့ ဒေသ ဖွံ့ဖြိုးရေးအတွက်ပါ အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံဟာ လမ်းပန်းဆက်သွယ်ရေးဖြစ်တယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း မော်တော်ကားလမ်း၊ မြို့ချင်းဆက်၊ ရွာချင်းဆက်လမ်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဖောက်လုပ်ခဲ့တယ်။

၁၉၈၈ခုနှစ်တုန်းက တစ်နိုင်ငံလုံးမှာ လမ်းမိုင် ၂၁၄၈၃ မိုင်သာ ရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်မှာ လမ်းမိုင် ၅၆၆၉၅ မိုင် ဖောက်လုပ်ခဲ့တဲ့အတွက် လမ်းမိုင် ၃၅၂၁၂မိုင် တိုးတက်လာခဲ့ပြီဖြစ်တယ်။

## မော်လမြိုင်တံတားကြီး

လမ်းဖောက်လုပ်ခြင်းနှင့်အတူ လိုအပ်တဲ့နေရာတိုင်းမှာ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို မိမိနိုင်ငံရဲ့ အတတ်ပညာရှင်များဖြင့် ဆောက်လုပ်ခဲ့တယ်။ မကြာခင် မြန်မာနိုင်ငံမှာ အရှည်လျားဆုံးသံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးကို ဖွင့်လှစ်နိုင်တော့မှာဖြစ်တယ်။

လမ်းပန်းဆက်သွယ်ရေးမှာအရေးပါတဲ့ ရထားလမ်းအသစ် ၁၁၂၈မိုင် ဖောက်လုပ်ခဲ့ပြီး ယခုအခါ ရထားလမ်း ၃၉၂၁ မိုင်အထိ ရှိနေပြီဖြစ်တယ်။ လေဆိပ်အသစ် ၁၂ ခုကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းအပါအဝင် လေယာဉ်ကွင်း ၃၃ ကွင်းအထိရှိလာပြီ ဖြစ်တယ်။

**မောင်တို့မယ်တို့–**

ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက်လည်း နိုင်ငံတော်က ပမာဏကြီးစွာ ရင်းနှီးမြှုပ်နှံလျက်ရှိတယ်။

ပညာရေးဟာ ဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် အရင်းအမြစ်ဖြစ်တယ်။ အခြေခံပညာရော၊ အဆင့်မြင့်ပညာမှာပါ သင်ယူမှုအခွင့်အလမ်း မြင့်မားတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ နိုင်ငံရဲ့လိုအပ်ချက်နဲ့အညီ ဘာသာရပ်များကို တိုးချဲ့သင်ကြားရေးကို ဆောင်ရွက်ခဲ့တယ်။

နိုင်ငံတော်ဟာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး တစ်ဆက်တည်း အနှစ်(၃၀)နှစ်ရှည်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်နေတယ်။ ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာမှာ သမိုင်းအစဉ်အလာနဲ့အညီ ပြည်သူလူထုကြီးနဲ့ လူမှုရေးအသင်းအဖွဲ့များရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ အကောင်အထည်ဖော်ခဲ့တယ်။

## သိသိသာသာမြင့်မားတိုးတက်လာ

ယခုအခါ အခြေခံပညာကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံးအခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေးကို စီမံကိန်းချမှတ်ဆောင်ရွက်နေတယ်။ အဲဒီစီမံကိန်းရဲ့ရလဒ်အဖြစ် ၁၉၈၈ခုနှစ်က မူလတန်းအဆင့်ကျောင်းဝင်နှုန်း ၇၇ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုပညာသင်နှစ်မှာ ကျောင်းဝင်နှုန်း ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာတယ်။ အခြေခံပညာအဆင့်တိုင်းမှာလည်း ကူးပြောင်းသင်ယူမှုသိသိသာသာမြင့်မားတိုးတက်လာတာကိုတွေ့ရှိရတယ်။

လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ခုနှစ်က စာတတ်နှုန်း ၇၈ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၀၄ခုနှစ်မှာ ၉၃ဒသမ၃ရာခိုင်နှုန်းအထိ တိုးတက်လာတယ်။

အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ကောလိပ်များမှာလည်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားအောင် ဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ အဆင့်မြင့်ပညာသင်ယူဆည်းပူးသူ တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာမှ ယခု ၂၀၀၄ခုနှစ်တွင် ကိုးသိန်းခန့်အထိ သိသိသာသာတိုးတက်လာတယ်။ ဘာသာရပ်ပေါင်းစုံတိုးချဲ့သင်ကြားနိုင်ရေး၊ ဘွဲ့လွန်ပညာတွင် ပါရဂူဘွဲ့အထိ သင်ကြားနိုင်ရေးကိုပါ မြှင့်တင်ဆောင်ရွက်ခဲ့တယ်။

## တိုးချဲ့ဖွင့်လှစ်

အဆင့်မြင့်ပညာသင်ကြားမှုကို ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုအပြင်လိုအပ်သည့်ဒေသများမှာပါ ဖြန့်ကြက်ပြီး တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ခဲ့ရာမှာ ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်ခဲ့တာကြောင့် နိုင်ငံ့တာဝန်လွှဲယူခဲ့တဲ့အချိန်နဲ့နှိုင်းယှဉ်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂၄ ခုတိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်တယ်။



**လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၇ ခု၊ မြစ်ရေတင်စီမံကိန်း ၂၇၁ ခု တည်ဆောက်ခဲ့ပြီး ဆက်လက်၍ ဆည်မြောင်းစီမံကိန်း ၃၆ ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲဖြစ်သည်။ ပုံမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ မြို့သစ်ချောင်းပေါ်၌ တည်ဆောက်ထားသော လယ်မြေဧက ၂၅၀၀ ကို ဆည်ရေပေးဝေနိုင်သည့် ၁၆၅ ခုမြောက် ရေလှောင်တမံအဖြစ် ဖွင့်လှစ်လိုက်သော မြို့သစ်ရေလှောင်တမံ၏ မြင်ကွင်းအလှကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တက္ကသိုလ်၊ ကောလိပ်များဟာ တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ဖွင့်လှစ်ခဲ့တာကြောင့် ဒေသအသီးသီးမှာရှိတဲ့ မျိုးဆက်သစ်လူငယ်တွေဟာ အဆင့်မြင့်ပညာကို တိုးတက်သင်ကြားခွင့် ရရှိနေပြီဖြစ်တယ်။

**မောင်တို့မယ်တို့–**

နိုင်ငံတော်ဟာ ပညာရေးမှာ ပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေတဲ့အတွက် ရလဒ်အနေဖြင့် နိုင်ငံတော်ကလိုအပ်တဲ့ အရည်အချင်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ကြီးကို စဉ်ဆက်မပြတ်ရရှိနိုင်မှာဖြစ်ကြောင်း ပြောလိုတယ်။

လူမှုရေးကဏ္ဍတစ်ခုဖြစ်တဲ့ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးဟာလဲ လူသားအရင်းအမြစ်ဖြစ်ကြောင်း နိုင်ငံတော်က ယုံကြည်တယ်။

ဒီယုံကြည်ချက်နဲ့အညီ ကျန်းမာရေးပညာ၊ ဆေးပညာသင်ကြားမှုတိုးချဲ့မြှင့်တင်ခြင်း၊ ဆေးရုံများ၊ ဆေးခန်းများ၊ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရှိရင်းဆေးရုံများကို ဖွံ့ဖြိုးရေးဒေသအလိုက် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ခုရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၈၁၃ခုအထိ ဖွင့်လှစ်ခဲ့တာကြောင့် ၁၈၂ခု တိုးတက်လာတယ်။

ဆေးရုံများမှာလည်း ခေတ်မီကိရိယာများကို တိုးချဲ့တပ်ဆင်ခဲ့တာကြောင့် ဆေးကုသမှု ထိထိရောက်ရောက် တိုးတက်လာခဲ့တယ်။ တိုင်းရင်းဆေးပညာ တိုးတက်ရေးအတွက် သင်ကြားမှု၊ဆေးဝါးထုတ်လုပ်မှု၊ကုသမှုတွေကို အားပေးမြှင့်တင်လျက်ရှိတယ်။ မန္တလေးမှာ တိုင်းရင်းဆေးပညာ တက္ကသိုလ်ကြီးတစ်ခု ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းဆေးပညာဖြင့် ကုသတဲ့ တိုင်းရင်းဆေးရုံများလည်း နိုင်ငံတော်မှာ ပေါ်ထွန်းလာပြီဖြစ်တယ်။

**မောင်တို့မယ်တို့–**

ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်မယ်ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ရဲ့ စီးပွားရေးတောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ဟာ ပဓာနကျတဲ့ လိုအပ်ချက်များဖြစ်တယ်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့

# ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲ ပြည်နယ်နှင့်တိုင်းအလိုက် ထူးချွန်စွာအောင်မြင်ကြသူများ

တလုပ်ကျေးရွာမှ မခင်မိုးဝင်း၊ မကွေးတိုင်း ပခုက္ကူမြို့နယ် ဝါဇီ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်မင်းထွေး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဇရပ်ပြင်အခြေခံ ပညာအထက်တန်းကျောင်းမှ မစုမွန်၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်း ၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန် စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိကြသော မောင်မင်းဇော်ဦးနှင့် မောင်ဇော်ဝမ်း၊ မလေးရှားနိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မသင်းသင်းခိုင်၊




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးမိုးအောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ချင်းပြည်နယ်ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဂျိုးဇက်ဗန်ဘွေအုပ်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကျော်ဇေယျာထွဋ်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဝင်းနိုင်စိုးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကြက်တူးရွေးတောင် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်ဇော်မင်းထိုက်တို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ကျောင်းမှ မဇူလိုင်ကို၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မဇင်မာနွယ်၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဂျိုးဇက်ဗန်ဘွေအုပ်၊ စစ်ကိုင်းတိုင်း ချောင်းဦးမြို့ အခြေခံ မြို့အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းမှ မဝင်းလဲ့မွန်၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းနိုင်စိုး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင် နှင့်တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ပထမရရှိကြသူများဖြစ်ကြသည့် ကယားပြည်နယ် ဖရူဆိုမြို့နယ် နန်းဖဲကျေးရွာမှ မနော်တပြည်သား၊ ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကျေးရွာမှ မောင်အောင်ကျော်စိုး၊ ချင်းပြည်နယ် ထန်တလန်မြို့ အခြေခံပညာ ကျောင်းမှ မနှင်းနုရည်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးရွာမှ မောင်ကျော်သူနိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မှ မောင်ကျောင်ဂိုးဇစိန်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းပျဉ်းမြို့အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ကျင်းပသည့် (၈)ကြိမ်မြောက် အရှေ့တောင်အာရှဂျူဒိုပြိုင်ပွဲနှင့် (၁၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အာရှဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မနွယ်နွယ်သန်း၊ (၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲတွင်




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သီဟကျော်စိုးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ချင်းပြည်နယ် ထန်တလန်မြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဗန်ကျင်မန်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ပဲခူးတိုင်း(အရှေ့) ကျောက်တံခါးမြို့နယ် တောကျွဲအင်း အခြေခံပညာ အထက်တန်းကျောင်းမှ မသီရိရွှေမာဦးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မှ မောင်ကျောင်ဂိုးဇစိန်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

**(သတင်းစဉ်)**

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိကြသူများဖြစ်ကြသည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးမိုးအောင်၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ပညာ အထက်တန်းကျောင်းမှ မသက်သက်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မသဥ္ဇာသျှိုး၊ ပဲခူးတိုင်း (အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ဇေယျာထွဋ်၊ မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ချမ်းမြေ့အေးသောင်၊ မွန်ပြည်နယ် မော်လမြိုင် ရဲကျော်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ မောင်သန့်ဇင်ဦးနှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သီဟကျော်စိုးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ် အထက်တန်းကျောင်းမှ မောင်ဗန်ကျင်မန်၊ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့မှ မောင်ခင်မောင်ငြိမ်း၊ တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် သိန္ဓောကျေးရွာ(တကူ)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ရွှေလင်းဦး၊ ပဲခူးတိုင်း (အရှေ့)ကျောက်တံခါးမြို့နယ် တောကျွဲအင်း အခြေခံပညာအထက်တန်းကျောင်းမှ မသီရိရွှေမာဦး၊ ပဲခူးတိုင်း (အနောက်)မိုးညိုမြို့နယ် အင်းတော်ပိုင်ထူးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာရှအဆင့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)လူငယ်တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိကြသော မောင်ဖြိုးမင်းသာနှင့် မောင်ဝင်းထက်ပိုင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ရွှေတံဆိပ်ဆုများရရှိကြသော မအေးအေးသင်းနှင့် မအေးအေးအောင်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၅)ကြိမ်မြောက် အရှေ့တောင်အာရှကနူး လှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ဆုများရရှိကြသော မောင်ဖုန်းမြင့်တေဇာ၊ မောင်အောင်ကျော်မိုး၊ မောင်အောင်လင်း၊ မောင်ဝင်းထိုက်၊ မအေးမိခိုင်နှင့်

***စာမျက်နှာ ၁၂ သို့***

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါ သည်။

## ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၁၅) ထုတ်ဝေဖြန့်ချိ



**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံ ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၅)ကို ထုတ်ဝေဖြန့်ချိ ထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက်ရာမှ ပြန်လည်ရောက်ရှိသည့်သတင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ပို့ဆောင်နှုတ်ဆက်သည့်သတင်း၊ စန်းနီလာ ဝင်း၊ ညွန့်ဟံ(ကြူတော)၊ တက္ကသိုလ်သခ်၊ မောင်မောင် ငွေး၊ ကြည်လင်း(ဆေး)တို့၏ ဖတ်ဖွယ် မှတ်ဖွယ် ဆောင်းပါးများ၊ နိုင်ငံတကာဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် အခြေခံလေကြောင်းထူးချွန်မျိုးဆက်သစ် လူငယ် ကချင်ပြည်နယ် ရွှေကူမြို့နယ်မှ မောင်ပန်းထွန်းမိုး အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဖိလစ်ပိုင်သမ္မတ နိုင်ငံတွင်ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အရှေ့ တောင်အာရှ ကနူးလှေလှော် ပြိုင်ပွဲတွင် ရွှေတံဆိပ် ဆုရရှိခဲ့သူ မောင်ဘုန်းမြင့်တေဇာအား ဂုဏ်ပြု လက်ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)

**စာမျက်နှာ ၁၁ မှ**

မသိန်းဌေးဝင်း၊ ပါကစ္စတန်သမ္မတ နိုင်ငံ၌ ကျင်းပခဲ့သည့် အသက် (၁၈)နှစ်အောက် သက်ငယ်တမ်း ကမ္ဘာ့အမှတ်ပေး တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မချစ်စုရည်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းကိုယ်စား အသင်း ခေါင်းဆောင် မစန်းစန်းမော်တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ် သည်။

ယင်းနောက် အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးက ၂၀၀၄ခုနှစ် ထူးချွန် ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ကြသော ပဲခူးမြို့နယ် ကြက်ခြေနီသူနာပြုတပ် ရင်းမှ တပ်ခွဲမှူးမောင်ဇော်မိုးအောင်နှင့် ဖားဆောင်းမြို့နယ် ကြက်ခြေနီသူနာပြု တပ်ရင်းမှ တပ်သား နန်းရီရီထွေး၊ ၂၀၀၄ခုနှစ် ထူးချွန်အရန်မီးသတ်တပ် ဖွဲ့ဝင်များ ဖြစ်ကြသော ကချင်ပြည် နယ်မိုးကောင်းမြို့နယ်အရန်မီးသတ် တပ်ဖွဲ့မှ တပ်ရင်းမှူးဦးဆိုင်းနော်နှင့် ရန်ကုန်တိုင်းအင်းစိန်မြို့နယ်အရန် မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ခွဲမှူး ဒေါ်စန်းစန်းဦး၊ ၂၀၀၄ ခုနှစ် အခြေခံ လေကြောင်းထူးချွန်မျိုးဆက်သစ် လူငယ်များဖြစ်ကြသော ကချင်ပြည် နယ် ရွှေကူမြို့နယ်မှ မောင်ပန်းထွန်း မိုးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့် စန်မြို့မှ မောင်စိုင်းမင်းမင်းဦး၊ ၂၀၀၄ ခုနှစ်တန်းမြင့်ရေကြောင်းထူးချွန်မျိုး ဆက်သစ်လူငယ် ရန်ကုန်တိုင်းတောင် ဥက္ကလာပမြို့နယ်မှ မောင်ထင်လင်း နောင်၊ ၂၀၀၄ခုနှစ် အခြေခံရေကြောင်း ထူးချွန်မျိုးဆက်သစ်လူငယ် ရန်ကုန် တိုင်းဗိုလ်တထောင်မြို့နယ်မှ မောင် တင်ထူးနိုင်တို့အား ဂုဏ်ပြုလက် ဆောင်များကိုပေးအပ်သည်။



**ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်း ရေးမှူး ဦးဌေးဦး ၂၀၀၄ခုနှစ် တက္ကသိုလ် ဝင် စာမေးပွဲ၌ ပြည် နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာ ဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့ သည့် ရခိုင်ပြည်နယ် ကျောက် ဖြူ မြို့ နယ် ဇရပ်ပြင် အခြေခံပညာ အထက်တန်းကျောင်းမှ မစုမွန်အား ဂုဏ်ပြုလက် ဆောင်ပေးအပ်စဉ်။**

(သတင်းစဉ်)

ဆက်လက်၍ အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးက (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် ကျင်းပခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ကွန်ပျူတာတက္ကသိုလ် (ဂုဏ်ထူးတန်း) ကျိုင်းတုံမြို့မှ မောင် စည်သူထွန်း၊ နိုင်ငံတော်ကကြီးမှူး ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ တွင် ရွှေတံဆိပ်ငါးခုနှင့်အထက်ရရှိကြ သော ကျောင်းသားများဖြစ်ကြသည့် ရွှေတံဆိပ်ကိုးဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၅)အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်နေ ဝင်း၊ ရွှေတံဆိပ်ရှစ်ဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းမှ မောင် အောင်သူဟိန်း၊ ရွှေတံဆိပ်ရှစ်ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းထူးဇော်၊ ရွှေတံဆိပ် ခုနစ်ဆုရ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ မောင်အောင်ကိုသက်၊ ရွှေတံဆိပ်ခြောက်ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိန်သန်း ဇော်(ခ)သန်းထိုက်၊ ရွှေတံဆိပ် ငါးဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေလင်းအောင်(ခ)စိန်ဗိုလ်ထူး၊ ရွှေတံဆိပ် ငါးဆုရ ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ မောင်လွင်ကို ကိုဦး၊ ရွှေတံဆိပ်ငါးဆုရ ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်)မှ မောင်ကျော်ဇင် အောင်နှင့် ရွှေတံဆိပ်ငါးဆုရ ယဉ် ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မောင် မျိုးမင်းသန်းတို့အား ဂုဏ်ပြုလက် ဆောင်များကိုပေးအပ်ပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ် လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) စတုတ္ထနေ့အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တ ရပ်နားသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၁၀ မှ**

အထက်မှာ နိုင်ငံတော်ကြီးကို ဘက်ပေါင်းစုံဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခဲ့တာတွေနဲ့ရလဒ်တွေကို အကျဉ်းမျှပြောခဲ့ပြီးဖြစ်တယ်။ ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံ အုတ်မြစ် ချမှတ်နေခြင်းဖြစ်တယ်။

### ပါဝင်ခဲ့

ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်တယ်။

မောင်တို့မယ်တို့ဟာ ၂၀၀၃ခုနှစ်အတွင်းမှာ မူဝါဒလမ်းစဉ်(၇)ရပ်ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးများကို တက်ရောက်ခဲ့ကြပြီး ဖြစ်တယ်။ ဒါ့အပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာကျင်းပခဲ့တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးမှာလည်း ပါဝင်ခဲ့ကြပြီးဖြစ်တယ်။

**မောင်တို့မယ်တို့–**

ပုဂံလူထုအစည်းအဝေးကြီးမှာ ပြည်ထောင်စုအခွန့်ရှည်တည်တံ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့ကို ပြည်သူတို့ရဲ့ပန်းတိုင်အဖြစ် သတ်မှတ်ကြေညာခဲ့တယ်။

**မောင်တို့မယ်တို့–**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့ အင်အားဟာ ပဓာနအကျဆုံးဖြစ်တယ်။

### နိုင်ငံရဲ့အင်အား

တို့နိုင်ငံရဲ့သမိုင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးမြင့်မားတဲ့အခါ ပြည်သူတို့ရဲ့အင်အားဟာ ပိုမိုအားကောင်းလာတယ်။ ပြည်သူတို့ရဲ့ အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံရဲ့အင်အားဖြစ်တယ်။

**မောင်တို့မယ်တို့–**

အဲဒီအင်အားဖြင့် ယခု တည်ဆောက်ပြီးဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်မှုအခြေခံကောင်းတွေ၊ အမျိုးသားစီးပွားရေးဘဝ အခြေခံအဆောက်အအုံတွေ၊ လူမှုရေးဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုအားကောင်းလာအောင် တည်ဆောက်ကြရမှာဖြစ်တယ်။

**မောင်တို့မယ်တို့–**

နိဂုံးချုပ်မှာကြားလိုတာကတော့ ယခုနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်ကြမည့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းကြီးရဲ့ ဦးတည်ချက်များနှင့်အညီ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ကြရမယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ကြရမယ်။ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ အသင်းကြီးက သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကြီးပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ။

## ချင်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၇**



ချင်းလဲ့ရွှေပြည်ဂျာနယ်အတွဲ (၁)၊အမှတ်(၁၂)ကို ထုတ်ဝေဖြန့်ချိ လိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် သျှင်ပညာ ဇောတ၊ သက်သက်သင်း(ပညာ ရေး)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ် ရှေ့နေ)၊ ကြည်လင်း(ဆေး)၊ မောင်ကျန်းမာ (မကြီးကုန်းကြီး)၊ စောလှနွယ် (မကွေး)၊ ကျော် (ပဲခူး)၊ ကနောင်မောင်မောင်၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဓာတ်ပုံခင်ဇော်၊ အေးဝေ(သရက်)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ နှင်းဆီနီနီ(မြန်မာစာ)၊ လေးဝတီကျော်၊ ကျော်ဇင်ဝင်း(ပဲခူး)၊ မောင်ကောင်း ယဉ်၊ ရင်ခုန် သံမောင်အေးထွန်း၊ လှထူးမြိုင်၊ ကိုတိုး(G.A)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ဓာနည်၊ မင်းကြော့ရှိန်၊ မွှေးငယ်ငယ်တို့၏ ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ မိုးလေဝသသတင်းများ၊ ဗေဒင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာဖော်ပြ ပါရှိသည်။ ချင်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ် ဆရာတော်ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် နိုဝင်ဘာ ၁၇



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ အရိမဒ္ဒနပေါက္ကံပြည် ဒုတိယမြို့တည်ရာ ခမည်းတော် ဦးဘိုးခေတ်၊ မယ်တော် ဒေါ်ကျော့တို့မှ ၁၂၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၁ ခုနှစ်တွင် သီရိပစ္စယာရွာ သာယာဝတေ့တောရကျောင်းဆရာတော် ဘဒ္ဒန္တ ပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ခဏ္ဍသိမ်တော်၌ ပုဂံမြို့ သာယာဝတေ့တောရကျောင်း (မူလဥပဇ္ဈာယ်ဆရာ) ဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက်မြင်းခြံမြို့ ဈေးကြီးရပ် ဆန်ကုန်သည် ကျောင်းဒါယကာကြီး ဦးထွန်းခိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ လောကနန္ဒာကျောင်းဆရာတော် ဦးအာဒိစ္စအထံ၌ အခြေခံကျမ်းစာများကို ခုနစ်နှစ်သားအရွယ်အထိ သင်ကြားတော်မူပြီး စဉ့်ကူးမြို့သို့ မိဘများနှင့်အတူလိုက်ပါ၍ ဆရာကြီးဦးဘန်း၊ ဒေါ်ရွှေမေ စာသင်ကျောင်း၌ စတုတ္ထတန်းအထိ လောကီပညာများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထို့နောက် သာယာဝတေ့ တောရကျောင်းဆရာတော် ဦးပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တ ပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ သုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော်၊ ဘုရားကြီးတိုက်၊ သုဓမ္မာဝင် တောင်ပြင်ဌာနချုပ် ဆရာတော် ဦးဝိုင်း၊ ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ဦးကောဏ္ဍည၊ ဦးစက္ကိန္ဒ၊ ညောင်လေးပင်မြို့ တောင်ကျောင်းကြီး ဆရာတော် ဦးကေသရ စသော ဆရာတော်ကြီးများထံမှ ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးတော်မူခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲများနှင့် ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သိက္ခာတော်ငါးဝါရသည့်အချိန်မှစ၍ ဂဏဝါစကစာချအဖြစ်လည်းကောင်း၊ သိက္ခာတော် ရှစ်ဝါရတော်မူသည်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၌ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်တော်မူလျက် တပည့်သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ကိုးဆောင်ကျောင်းတိုက်၏ အာရာမိဿရဆသန္တကတွင် တစ်ပါးအပါအဝင်အဖြစ်လွှဲအပ်ခြင်းကို ခံတော်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သစ်တော်ကျောင်း၌ တပည့်သံဃာတော်များအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဝိနယ ဗဟုသုတ ပကာသနီကျမ်း၊ ဝါကျသံသယဝိသောဓနီကျမ်းတို့ကို ရေးသားဖြန့်ဝေတော်မူခြင်းဖြင့်လည်းကောင်း ပရိယတ္တိသာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် မြင်းခြံမြို့ ရွှေဘုံသာအလယ်ကျောင်းစာသင်တိုက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်စသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ မြင်းခြံမြို့ ကမ္မဋ္ဌာနာစရိယ ဦးပရမ၊ စွန်းလွန်းဂူကျောင်း စသောကမ္မဋ္ဌာန်းတိုက်ကြီးများကို တည်ထောင်တော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၊ပွဲကြီးမူလ ၆၆ပါး (ကိုယ်စားလှယ်အဖွဲ့ဝင်)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်အဓိပတိအဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာသင်္ဂီတိ ကာရကနှင့်ဘာဏက ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကပါဠိတက္ကသိုလ်ဗဟို ကိုယ်စားလှယ်၊ ဂျပန်ပြည်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း ဩဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ပရဒေသီနာယကအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ပြည်ပသို့သာသနာပြုခရီးကြွရောက်တော်မူခဲ့ခြင်း

ဆရာတော်ကြီးသည် ဂျပန်နိုင်ငံ မိုရီမြို့တွင် ၁၉၁၉ခုနှစ်၌ ကျင်းပပြုလုပ်သည့် သိမ်သမုတ်ပွဲသို့ ပြည်ပဓမ္မဒူတခရီး ကြွရောက်သည်မှစ၍ ပြည်ပငါးနိုင်ငံလေ့လာရေးခရီးအပါအဝင် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသည့်နိုင်ငံများသို့ ဓမ္မဒူတသာသနာပြုခရီး အကြိမ်ကြိမ်ကြွရောက်တော် မူခဲ့ပါသည်။

### အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားသောအားဖြင့် သိက္ခာတော်(၃၁)ဝါအရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၅၇)ဝါအရတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၆၅)ဝါအရတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူခြင်းမှ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (၁၇-၁၁-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်မဟာထေရ်ဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၁၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တသောဘိတ (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်ဆရာတော်ကြီးသည် (၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်)၁၇-၁၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်

ရန်ကုန် နိုဝင်ဘာ ၁၇

သာကေတမြို့နယ် ၃/ မာန်ပြေ ရပ်ကွက်တွင် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ (၃၇)ကြိမ်မြောက် သံဃာ ၁၀၈ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ၃/မာန်ပြေ လူငယ်များ၏ ခြောက်ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပြိုင်ပွဲကျင်းပရေးလုပ်ငန်း စီမံချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ ယှဉ်ပြိုင်သူများရွေးချယ်ခြင်း၊ ပြဋ္ဌာန်းစာအုပ်များသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲကျင်းပရက်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာအဖွဲ့မှ ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ခြိမ့်နိုင်၊မင်းသွေးနွယ်(ဧီးကုန်း)၊နှင်းသစ္စာကျော်၊ယဉ်မင်းထိုက်၊ သတိုးနွယ်၊ရုဝံ (မပခ)၊ လွမ်းသူနွေ့(သချာ်)၊ ကိုနိုင် (ချင်းတောင်)၊ ကြည်တင့်နိုင်တို့၏ ကဗျာများ၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင် (စိတ်ပညာ)၊ဆြာစန်း၊ကြည်လင်း(ဆေး)၊ ထက်ကောင်းလတ်(မင်းဘူး)၊မွေးနံ့သာ (မဟာသိပ္ပံ)၊ နိုင်ဘောဂလှဝင်း၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ မောင်ပညာကျော်၊ ညွန့်ဟံ(ကြူတော)၊မြင့်သိန်း (ရန်ကုန်တက္ကသိုလ်)၊ ကျော်ဇင်ဝင်း (ပဲခူး)၊ အေးဝေ(သရက်)၊မလှသိန်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ နန္ဒာမိုးကြယ်၊ မောင်ကျေးဇူး၊ဦးခင်မောင်မြ(ဘီအေ၊ဘီအယ်လ်)၊ တက္ကသိုလ်ကိုလတ်၊ မောင်မောင်ဟန်(မကွေး)၊ လူကျော်၊ စိမ်းမြရည်(ပြန်/ဆက်)၊ ကေတုနီလာ၊ လှထွန်း(တွံတေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မောင်မောင်အုန်း(လယ်ဝေး)၊ မောင်မြင့်မား(ဘိုကလေး)၊ တွင်းကြီးသားတင်ဝင်းဦး၊ ဂီတစာဆိုမောင်မျိုးသူ၊ သန်လျင်မောင်မောင်ဦး၊ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ သက်သက်သင်း (ပညာရေး)၊ရဲဘော်မြသန်း(ဟိုပုန်း)၊ ဇော်ဝင်းမောင်(ဧီးကုန်း)တို့၏ မှတ်ဖွယ်ဆောင်းပါး၊ ရသမြောက်ဝတ္ထုများ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မောင်ဝဏ္ဏ၊ မောင်မောင်ညွက်တို့၏ ကာတွန်းလက်ရာများ စုံလင်စွာ ဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊တင်စိုးစာပေတို့တွင်ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုအမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (ကက)အုပ်စုမှ ပို့ဆောင်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၇ရက် (အဖိတ်နေ့)**

**၁၈-၁၁-၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈း၀၅ ၆။ အတီးပြိုင်ပွဲ

၈း၁၅ ၇။ အကပဒေသာ

၈း၂၀ ၈။ ဘိုင်းဒါးရေလျှောင်တမံ

၈း၃၀ ၉။ International News

၈း၄၅ ၁၀။ Let's Go.

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ English for Everyday Use.

၁၆း၄၅ ၄။ တေးဂီတအစီအစဉ်

၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)

၁၇း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇း၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး

၁၇း၄၀ ၈။ **"အားဆေး"** (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်)

၁၇း၄၅ ၉။ တေးဂီတအစီအစဉ်

၁၈း၀၀ ၁၀။ နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၁၈း၁၀ ၁၁။ သက်တံရောင်သံစဉ်

၁၈း၃၀ ၁၂။ ညနေခင်းသတင်း

၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ

၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၂၉)

၁၉း၃၅ ၁၅။ တေးဂီတအစီအစဉ်

၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ မြန်မာရုပ်ရှင် **"ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်" (အပိုင်း-၁) (လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင်) (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)**

# ခေတ်သစ်ပျိုးထောင်နည်းဖြင့် စိုက်ပျိုးသော ဧည့်မထလတ်စိုက်ခင်းများ

## စံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း၁၂၀ထွက်ရှိ

ဒေးဒရဲ နိုဝင်ဘာ ၁၄

**ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ အထူးအထွက်တိုး စပါးစိုက်ခင်းဧက ၄၀၀ရှိ တောင်သူဦးဝင်းမြင့်အောင်နှင့် ဦးညွန့်မောင်တို့၏ လယ်မြေတွင် ခေတ်သစ်ပျိုးထောင်နည်းစနစ်ဖြင့် စိုက်ပျိုးသော ဧည့်မထလတ်စပါးခင်းများကို စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် စံကွက်ရိတ်သိမ်း၍ မှတ်တမ်းပြုဆောင်ရွက်ရာ၌ ခေတ်သစ် ပျိုးထောင်စိုက်စနစ်အရ စိုက်ပျိုးထားသော ဧည့်မထလတ်စပါးခင်းမှာ တစ်ဧကတင်း ၁၂၀ထွက်ရှိပြီး မျိုးစပါး သုံးပြည်သာ ကုန်ကျသည်။



### ဆောင်ရွက်

သမားရိုးကျစိုက်ပျိုးထားသော ဧည့်မထလတ်စပါးကြဲခင်းမှာတစ်ဧက ၉၈တင်းခန့် သာထွက်ရှိပြီး မျိုးစပါး သုံးတင်းမှ လေးတင်းအထိ ကုန်ကျသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက မိုးစပါး အလေအလွင့် မရှိ ရိတ်သိမ်းနယ်လှေ့ရေး၊ နွေစပါးအတွက် ခေါင်နှံမျိုးပွားစနစ်ဖြင့် စိုက်ပျိုးရေး၊ နွေစပါးရာနှုန်းပြည့်မီစွာ စိုက်ပျိုးရန် ရေရရှိရေးနှင့် ဓာတ်မြေဩဇာအချိုး ကျသုံးစွဲရေးတို့ ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



နိုဝင်ဘာ၂ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ပြားကျေးရွာတွင် ကျေးလက်နေအိမ်ဆောက်လုပ်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူးဦးစိုင်းရွှေအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

### စမ်းသပ်

**ဗန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာတွင် သောက်သုံးရေ အရည်အသွေး စမ်းသပ်ရန်အတွက် အောက်တိုဘာ ၉ရက်က စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဇေယျာမြင့် ကြည့်ရှုစစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

## ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**စလင်း နိုဝင်ဘာ ၆**

စလင်းမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ကျေးရွာမူလတန်း ကျောင်း၌ ကျင်းပသည်။

### ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားများ ပြောကြားကြသည်။

### ပေးအပ်

ထို့နောက် အလှူရှင်များက စာအုပ်မျိုးစုံ ၇၂၀နှင့် အလှူငွေကျပ် ၂၆၀၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်သည်။

ထို့နောက်စာကြည့်တိုက်အဆောက်အအုံသစ်အား ကျေးရွာဥက္ကဋ္ဌ ဦးရဲညွန့်နှင့် ဦးစီးမှူးဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဘဝတက်လမ်းကျေးရွာစာကြည့်တိုက်ဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပျဉ်းမနားမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အေးမြင့်သာယာကျေးရွာတွင် ဘဝတက်လမ်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ကျေးရွာ စာကြည့်တိုက်များဖွင့်လှစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်အလှူရှင်များက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၀၉၉)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## ကောလင်း-လွယ်မောက်တောင် လမ်းမြေတိုးချဲ့ဆောင်ရွက်

**ကောလင်း နိုဝင်ဘာ ၂**

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မောင်ဦးနှင့်အဖွဲ့ အောက်တိုဘာ ၂၀ ရက်က ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် ကောလင်း-လွယ်မောက်တောင်လမ်း၊ ကောလင်း-ဝန်းသိုသွားလမ်းမများကို စက်ယန္တရားများ အသုံးပြု၍ လမ်းမြေတိုးချဲ့ခြင်းနှင့် လမ်းဖာထေးခြင်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ အတွင်းရေးမှူး ဦးအောင်မျိုးလှိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(၀၂၆)**

**ရခိုင်ပြည်နယ် မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ၃၀ရက်က ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ကိုယ့်အားကိုယ်ကိုးကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေး ငွေလှူဒါန်း

အင်္ဂပူ နိုဝင်ဘာ ၆

**အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ပိန္နဲကွင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၁နာရီက ပိန္နဲကွင်းကျေးရွာ တွဲဖက်အလကခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင်ဗိုလ်မှူးကြီးဘိုနီ၊ အင်္ဂပူမြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းတို့က အမှာစကား ပြောကြားကြပြီးနောက် ကိုယ့်အားကိုယ်ကိုး ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရန်အတွက်အလှူငွေကျပ် ၁၅၀၀၀၀၀ကို အမှတ်(၅) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဒေါ်ယုယုအောင်**(ယာပုံ)**၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာများမှ စေတနာအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးသိန်းရွှေက လက်ခံရယူသည်။ **(၁၃၁)**



## ဆက်သွယ်ရေး ကောင်းမွန်ရန် ဖုန်းလိုင်းကေဘယ် ပြုပြင်ဆောင်ရွက်

**ရေစကြို နိုဝင်ဘာ ၂**

မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်တိုင်း အထွေထွေမန်နေဂျာ ဦးသွင်လင်းနှင့်အဖွဲ့က ရေစကြိုမြို့နယ် ဆက်သွယ်ရေးရုံးခန်းမဆောင်တွင် အောက်တိုဘာ ၂၂ရက်က ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးလုပ်ငန်းချောမွေ့ကောင်းမွန်ရန်အတွက် လက်ရှိအသုံးပြုသော တယ်လီဖုန်းလိုင်းကေဘယ်ကြိုးများ စစ်ဆေးပြုပြင်ခြင်းနှင့် စာပို့လုပ်ငန်းများ အချိန်မီ ရောက်ရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(၂၅၁)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တက်ရောက်ပြီး သြဝါဒစကားမြွက်ကြား ထူးချွန်လူငယ်ကျောင်းသားကျောင်းသူများအား အထွေထွေအတွင်းရေးမှူး ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

**တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသော

**စာမျက်နှာ ၆ ကော်လံ ၁ ✱**



နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-စာ၃) (သတင်းစဉ်)

## ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်ချမှတ်နေ

**ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နေခြင်းဖြစ်တယ်။**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




# ဘာကူဘာမြို့ ရဲစခန်းများအား အီရတ်ပြောက်ကျားတို့စီးနင်း အမေရိကန်တပ်ဖွဲ့ဝင်များကလည်း လေကြောင်းမှတိုက်ခိုက်

ဘာကူဘာ နိုဝင်ဘာ ၁၇

**အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ အခြားနေရာများနှင့် ရဲစခန်းများအား လက်နက်ကိုင်ပြောက်ကျားများက တနင်္လာနေ့တွင် စီးနင်းတိုက်ခိုက်ပြီးနောက် အမေရိကန်တပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် လက်နက်ကိုင်ပြောက်ကျား ၂၀ခန့်သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**



လက်နက်ကိုင် ပြောက်ကျားများက ရဲစခန်းတစ်ခုကို တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့များက ရဲစခန်းအား ပြန်လည်သိမ်းပိုက်ရန် တိုက်ခိုက်သဖြင့် မြို့တော်၏ အရှေ့မြောက်ဘက် မိုင်၄၀အကွာရှိ ဘာကူဘာမြို့တစ်လျှောက် ပေါက်ကွဲသံများနှင့် သေနတ်သံများ ပွဲတင်ထပ်လျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘာကူဘာ၏ တောင်ဘက်အနီး ဘူရစ်မြို့ရှိ အခြားရဲစခန်းလည်း တိုက်ခိုက်ခံခဲ့ရသည်။

**ကြဲချခဲ့**

လက်နက်ကိုင်ပြောက်ကျား ၁၅ဦးထက်မနည်းသည် မြို့ပြင်မှ ဘတ်စ်ကားဖြင့် ရောက်လာပြီး အခြားလက်နက်ကိုင် ခုခံရေးသမားများနှင့် တိုက်ခိုက်မှုတွင် ပူးပေါင်းခဲ့ပြီးနောက် အမေရိကန်လေယာဉ်များက ပေါင် ၅၀၀ဗုံးနှစ်လုံးကို ဘာကူဘာမြို့ပေါ်သို့ ကြဲချခဲ့သည်။

လက်နက်ကိုင်ခုခံရေးသမား အချို့က ခေါင်မိုးများပေါ်တွင် နေရာယူထားကြပြီး အချို့ကလမ်းများကို ပိတ်ဆို့ကာ လမ်းဘေးဗုံးများထောင်ရန် စီစဉ်ခဲ့ကြကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဘီလ်ကော့ပါနိုးလ်က ပြောကြားသည်။

**သေဆုံး**

လက်နက်ကိုင် တိုက်ခိုက်မှုများ၊ အမြောက်များနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် လက်နက်ကိုင်ပြောက်ကျား ၂၀ခန့်သေဆုံးကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးဒဏ်ရာရရှိပြီး ၎င်းတို့အနက်နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကော့ပါနိုးလ်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဆေးရုံ၌ ဆေးကုသ

**ဘဂ္ဂဒက်မြို့တွင် ဒုံးကျည်ထိမှန်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်မိန်းကလေးငယ် တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို နိုဝင်ဘာ ၁၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# အီရတ်၌ ပြီးခဲ့သောသီတင်းပတ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၁၉ဦး ဒဏ်ရာရရှိခဲ့

ဘာလင် နိုဝင်ဘာ ၁၆

**အီရတ်တွင်ပြီးခဲ့သောအပတ်က ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၄၁၉ဦးအား ဂျာမနီနိုင်ငံအနောက်ပိုင်း လန်ဒ်စတူးလ်အရပ်ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာဆေးရုံတွင် ဆေးဝါးကုသပေးခဲ့ရသည်ဟု ဆေးဘက်ဆိုင်ရာမှ တနင်္ဂနွေနေ့က ပြောကြားသည်။**

**သယ်ယူ**

ကြာသပတေးနေ့ တစ်နေ့တည်းမှာပင် ဒဏ်ရာရအမေရိကန်တပ်ဖွဲ့ဝင် ၁၀၄ ဦးအား လေယာဉ်ဖြင့် သယ်ယူခဲ့ကြောင်း၊ စနေနေ့တွင် ထပ်မံ၍ တပ်ဖွဲ့ဝင် ၇၀အား သယ်ယူခဲ့ရကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ မာရီရှောက သတင်းဌာနများအား ပြောကြားခဲ့သည်။

**အများဆုံး**

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်တို့ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့သော ဖလူးဂျာမြို့တွင် အများဆုံးဒဏ်ရာရရှိခဲ့ကြခြင်း ဖြစ်သည်။ ဒဏ်ရာရရှိသူများထဲမှ ၁၉၆ ဦးအား ဆေးဝါးကုသမှုပြုလုပ်ပေးပြီးနောက် အမေရိကန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း ရှောက ပြောကြားသည်။

**အကြီးဆုံး**

ဂျာမနီနိုင်ငံ လန်ဒ်စတူးလ်အရပ်ရှိ ဆေးရုံသည် အမေရိကန်နိုင်ငံပြင်ပရှိ ခုတင် ၃၀၀ ဆံ့ အကြီးဆုံး အမေရိကန်စစ်ဆေးရုံဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကွန်ဒိုလီဇာရိုက်စ်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ်ရွေးချယ်

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

နုတ်ထွက်သွားသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်နေရာတွင် အစားထိုးရန် အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်က ၎င်း၏အယုံကြည်ရဆုံးလူတစ်ဦးဖြစ်သူ အမျိုးသားလုံခြုံရေးအကြံပေး ကွန်ဒိုလီဇာရိုက်စ်ကို ရွေးချယ်လိုက်ကြောင်း ဝါရှင့်အုပ်ချုပ်ရေးတာဝန်ရှိသူများက တနင်္လာနေ့၌ ပြောကြားသည်။

ဒုတိယအမျိုးသားလုံခြုံရေး အကြံပေးစတီဖင်ဟက်ဒ်လီအား ရိုက်စ်၏ နေရာတွင် အစားထိုးမည်ဖြစ်ကြောင်းဖြင့်လည်း အဆိုပါတာဝန်ရှိသူများက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဖလူးဂျာမြို့ ပြင်းထန်သော တိုက်ပွဲများအတွင်း ပြည်သူထောင်ပေါင်းများစွာ အကူအညီမဲ့ပြီး ပိတ်မိနေ

ဖလူးဂျာ နိုဝင်ဘာ ၁၇

**အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားနေသော ဖလူးဂျာမြို့၌ ထောင်ပေါင်းများစွာသော မိသားစုဝင်များသည် အပူတပြင်းလိုအပ်သော အထောက်အပံ့များဖြစ်သည့် ရေ၊ အစားအစာနှင့် အကူအညီအထောက်အပံ့များမရရှိဘဲ မြို့အတွင်းတွင် ပိတ်မိနေကြသည်။**

လခြမ်းနီအဖွဲ့မှ ထရပ်ကားများနှင့် လူနာတင်ယာဉ်များသည် ဖလူးဂျာ မြို့၏ အနောက်ဘက် မြို့စွန်ရှိဆေးရုံတွင် ရောက်ရှိနေပြီး ဒေသခံပြည်သူများအား အကူအညီပေးရန်အတွက် ယူဖရေးတီးမြစ်ကို ဖြတ်ကျော်၍ မြို့တွင်းသို့ ဝင်ရောက်ရန် အလွန်အန္တရာယ်များလျက်ရှိသည်။

**အကူအညီပေးရေး**

ဖလူးဂျာမြို့တွင် အမေရိကန်နှင့် ခုခံတိုက်ခိုက်ရေးသမားများသည် အစွမ်းကုန် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသောကြောင့် အီရတ်ပြည်သူများအတွက် ဖလူးဂျာမြို့သည် သဘာဝ ဘေးဒုက္ခကြီးကဲ့သို့ ဖြစ်နေကြောင်း အကူအညီပေးရေးအုပ်စုများက ဆိုသည်။

နေ့စဉ်လေကြောင်းမှ တိုက်ခိုက်နေသည့်ကြားမှပင် ဖလူးဂျာမြို့မှ ပြည်သူသုံးသိန်းသည် ထွက်ပြေးလွတ်မြောက် လာခဲ့သည်။ သို့သော် ထောင်ပေါင်းများစွာသော ပြည်သူများသည် ၎င်းတို့၏ပတ်ဝန်းကျင်တွင် တိုက်ပွဲများပြင်းထန်နေသောကြောင့် ရှန်းမထွက်နိုင်ဘဲ ပိတ်မိနေကြသည်။

**ရင်ဆိုင်နေရ**

ယင်းတိုက်ပွဲကြောင့် အီရတ်ပြည်သူများ၏ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှု စာရင်းမသိရှိရသေးပေ။ မြို့တွင်းမှ ရှန်းမထွက်နိုင်သေးသော အီရတ်ပြည်သူများသည် နာကျင်မှု၊ ဆာလောင်မှုနှင့် စိုးရိမ်ထိတ်လန့်မှုများနှင့် ရင်ဆိုင်နေကြရသည်။

လခြမ်းနီအဖွဲ့မှ အီရတ်ပြည်သူများအား အကူအညီပေးရန် ဖလူးဂျာမြို့တွင်းသို့ ဝင်ရောက်နိုင်ရန်အတွက် ယခုအချိန်အထိ အမေရိကန်တို့၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရသေးကြောင်း လခြမ်းနီအဖွဲ့အတွင်းရေးမှူးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



**မိုဆူးလ်မြို့အနီးတွင် ရေနံသိုလှောင်ရုံတစ်ခု မီးလောင်နေသည်ကို နိုဝင်ဘာ ၁၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# လက်နက်မဲ့ဒဏ်ရာရ အီရတ်အကျဉ်းသားတစ်ဦးအား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကပစ်သတ်ခဲ့

လန်ဒန် နိုဝင်ဘာ ၁၇

**ဖလူးဂျာတွင် လက်နက်မဲ့ဒဏ်ရာရထားသော အီရတ်အကျဉ်းသားတစ်ဦးအား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးက ပစ်သတ်ခဲ့ကြောင်း အမေရိကန် အင်န်ဘီစီ ရုပ်မြင်သံကြားသတင်းဌာနက တနင်္လာနေ့၌ သတင်းထုတ်လွှင့်ပြသခဲ့သည်။**

သောကြာနှင့် စနေနေ့၌ မရိန်းတပ်ဖွဲ့ဝင်များက တိုက်ခိုက်ပြီးနောက် အဆောက်အအုံတစ်ခုထဲ၌ ကျန်ရစ်ခဲ့သော ဒဏ်ရာရအကျဉ်းသားငါးဦးထဲမှ ယခုပစ်သတ်ခံရသော အီရတ်မှာ တစ်ဦးဖြစ်သည်။ ထိုသတင်းနှင့် စပ်လျဉ်း၍ ပင်တဂွန်က မှတ်ချက်ပေးခြင်းမရှိဟု ဆိုသည်။

**ခုခံနေ**

အမေရိကန်တပ်များသည် ပြီးခဲ့သည့်အပတ်၌ ဖလူးဂျာမြို့အား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာတွင် မြို့တစ်မြို့လုံးနီးပါးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း ကစဉ့်ကလျား ခုခံမှုများ ရှိနေမြဲဖြစ်သည်။

အဆိုပါ အဆောက်အအုံသည် အမေရိကန်တပ်များကို ပြောက်ကျားတို့ တိုက်ခိုက်ရာ၌ အသုံးပြုသော အဆောက်အအုံဖြစ်ကြောင်း၊ ယင်းအဆောက်အအုံအား အမေရိကန်တပ်များက တိုက်ခိုက်ခဲ့ရာ၌ ပြောက်ကျား ၁၀ ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့ကြောင်း အင်ဘီစီသတင်းထောက် ကီဗင်ဆိုက်က ပြောကြားသည်။

**ပစ်သတ်**

ဒုတိယအသုတ် မရိန်းတပ်ဖွဲ့ဝင်များ စနေနေ့၌ အဆောက်အအုံထဲသို့ ဝင်လာသောအခါ အကျဉ်းသားတစ်ဦး အသက်ရှူနေဆဲရှိသည်ကို မရိန်းတပ် ဖွဲ့ဝင်တစ်ဦးက သတိပြုမိခဲ့ကြောင်း၊ အဆိုပါ မရိန်းတပ်ဖွဲ့ဝင်က သူ၏သေနတ်ဖြင့် အသက်ရှူနေသေးသူ၏ ဦးခေါင်းကို ပစ်သတ်လိုက်ကြောင်း သတင်းထောက်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**



# ၂၀၀၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲ မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာအောင်မြင်ကြသူများ

**နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားပြီး ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်း–ကျော်ဖုံး) (သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲဖြင့် မြန်မာတစ်ပြည်လုံးတွင် ထူးချွန်စွာ ပထမရရှိခဲ့သည့်အပြင် မန္တလေးတိုင်းတွင်လည်း ထူးချွန်စွာ ပထမရရှိခဲ့သော မန္တလေးမြို့ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းမှ မသီသီထွေးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ **(သတင်းစဉ်)**




ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၄ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ကြသော ပဲခူးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူးမောင်ဇော်မိုးအောင်နှင့် ဖားဆောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်သား နန်းရီရီထွေး၊ ၂၀၀၄ခုနှစ် ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်ကြသော ကချင်ပြည်နယ်မိုးကောင်းမြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ရင်းမှူးဦးဆိုင်းနော်နှင့် ရန်ကုန်တိုင်းအင်းစိန်မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ခွဲမှူး ဒေါ်စန်းစန်းဦး၊ ၂၀၀၄ ခုနှစ် အခြေခံလေကြောင်းထူးချွန်မျိုးဆက်သစ် လူငယ်များဖြစ်ကြသော ကချင်ပြည်နယ် ရွှေကူမြို့နယ်မှ မောင်ပန်းထွန်းမိုးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့မှ မောင်စိုင်းမင်းမင်းဦး၊ ၂၀၀၄ ခုနှစ်တန်းမြင့်ရေကြောင်းထူးချွန်မျိုးဆက်သစ်လူငယ် ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ်မှ မောင်ထင်လင်းနောင်၊ ၂၀၀၄ခုနှစ် အခြေခံရေကြောင်းထူးချွန်မျိုးဆက်သစ်လူငယ် ရန်ကုန်တိုင်းဗိုလ်တထောင်မြို့နယ်မှ မောင်တင်ထူးနိုင်တို့အား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ကွန်ပျူတာတက္ကသိုလ် (ဂုဏ်ထူးတန်း) ကျိုင်းတုံမြို့မှ မောင်စည်သူထွန်း၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုနှင့်အထက်ရရှိကြသော ကျောင်းသားများဖြစ်ကြသည့် ရွှေတံဆိပ်ကိုးဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေဝင်း၊ ရွှေတံဆိပ်ရှစ်ဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်သူဟိန်း၊ ရွှေတံဆိပ်ရှစ်ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းထူးဇော်၊ ရွှေတံဆိပ်ခုနစ်ဆုရ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ မောင်အောင်ကိုသက်၊ ရွှေတံဆိပ်ခြောက်ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိန်သန်းဇော်(ခ)သန်းထိုက်၊ ရွှေတံဆိပ် ငါးဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေလင်းအောင်(ခ)စိန်ဗိုလ်ထူး၊ ရွှေတံဆိပ် ငါးဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မောင်လွင်ကိုကိုဦး၊ ရွှေတံဆိပ်ငါးဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မောင်ကျော်ဇင်အောင်နှင့် ရွှေတံဆိပ်ငါးဆုရ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မောင်မျိုးမင်းသန့်တို့အား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) စတုတ္ထနေ့အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာ ဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ရခိုင်ပြည်နယ် ကျောက်ဖြူ မြို့ နယ် ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်းမှ မစုမွန်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)

# စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

စိမ်းလဲ့ရွှေပြည်ဂျာနယ်အတွဲ(၁)၊အမှတ်(၁၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါဂျာနယ်တွင် သျှင်ပညာဓောတ၊ သက်သက်သင်း(ပညာရေး)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း(ဆေး)၊ မောင်ကျန်းမာ (မကြီးကုန်းကြီး)၊ စောလှနွယ် (မကွေး)၊ ကျော် (ပဲခူး)၊ ကနောင်မောင်မောင်၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ခတ်ပုံခင်ဇော်၊ အေးဝေ(သရက်)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ နှင်းဆီနီနီ(မြန်မာစာ)၊ လေးဝတီကျော်၊ ကျော်ဇင်ဝင်း(ပဲခူး)၊ မောင်ကောင်းယဉ်၊ ရင်ခုန် သံမောင်အေးထွန်း၊ လှထူးမြိုင်၊ ကိုတိုး(G.A)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ဇာနည်၊ မင်းကြော့ရှိန်၊ မွှေးငယ်ငယ်တို့၏ ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ မိုးလေဝသသတင်းများ၊ ဗေဒင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ မှ

အထက်မှာ နိုင်ငံတော်ကြီးကို ဘက်ပေါင်းစုံဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခဲ့တာတွေနဲ့ရလဒ်တွေကို အကျဉ်းမျှပြောခဲ့ပြီးဖြစ်တယ်။ ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ် ချမှတ်နေခြင်းဖြစ်တယ်။

## ပါဝင်ခဲ့

ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်တယ်။

မောင်တို့မယ်တို့ဟာ ၂၀၀၃ခုနှစ်အတွင်းမှာ မူဝါဒလမ်းစဉ်(၇)ရပ်ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးများကို တက်ရောက်ခဲ့ကြပြီး ဖြစ်တယ်။ ဒါ့အပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာကျင်းပခဲ့တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးမှာလည်း ပါဝင်ခဲ့ကြပြီးဖြစ်တယ်။

**မောင်တို့မယ်တို့–**

ပုဂံလူထုအစည်းအဝေးကြီးမှာ ပြည်ထောင်စုအစွန့်ရှည်တည်တံ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့ကို ပြည်သူတို့ရဲ့ပန်းတိုင်အဖြစ် သတ်မှတ်ကြေညာခဲ့တယ်။

**မောင်တို့မယ်တို့–**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့ အင်အားဟာ ပဓာနအကျဆုံးဖြစ်တယ်။

## နိုင်ငံရဲ့အင်အား

တို့နိုင်ငံရဲ့သမိုင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးမြင့်မားတဲ့အခါ ပြည်သူတို့ရဲ့အင်အားဟာ ပိုမိုအားကောင်းလာတယ်။ ပြည်သူတို့ရဲ့ အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံရဲ့အင်အားဖြစ်တယ်။

**မောင်တို့မယ်တို့–**

အဲဒီအင်အားဖြင့် ယခု တည်ဆောက်ပြီးဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်မှုအခြေခံကောင်းတွေ၊ အမျိုးသားစီးပွားရေးဘဝ အခြေခံအဆောက်အအုံတွေ၊ လူမှုရေးဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုအားကောင်းလာအောင် တည်ဆောက်ကြရမှာဖြစ်တယ်။

**မောင်တို့မယ်တို့–**

နိဂုံးချုပ်မှာကြားလိုတာကတော့ ယခုနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်ကြမည့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းကြီးရဲ့ ဦးတည်ချက်များနှင့်အညီ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲအောင်အားထုတ်ကြရမယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ကြရမယ်။ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ အသင်းကြီးက သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကြီးပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ်ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် နိုဝင်ဘာ ၁၇

### ဖွားမြင်တော်မူခြင်း



ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ အရိမဒ္ဒနပေါက္ကံပြည် ဒုတိယမြို့တည်ရာ ခမည်းတော် ဦးဘိုးခေတ်၊ မယ်တော် ဒေါ်ကျော့တို့မှ ၁၂၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသောသားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၁ ခုနှစ်တွင် သီရိပစ္စယာရွာ သာယာဝတေ့တောရကျောင်းဆရာတော် ဘဒ္ဒန္တ ပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ခဏ္ဍာသိမ်တော်၌ ပုဂံမြို့ သာယာဝတေ့တောရကျောင်း (မူလဥပဇ္ဈာယ်ဆရာ) ဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက်မြင်းခြံမြို့ ဈေးကြီးရပ် ဆန်ကုန်သည် ကျောင်းဒါယကာကြီး ဦးထွန်းခိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ လောကနန္ဒာကျောင်းဆရာတော် ဦးအာဒိစ္စအထံ၌ အခြေခံကျမ်းစာများကို ခုနစ်နှစ်သားအရွယ်အထိ သင်ကြားတော်မူပြီး စဥ့်ကူမြို့သို့ မိဘများနှင့်အတူ လိုက်ပါ၍ ဆရာကြီးဦးဘန်း၊ ဒေါ်ရွှေမေ စာသင်ကျောင်း၌ စတုတ္ထတန်းအထိ လောကီပညာများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထို့နောက် သာယာဝတေ့ တောရကျောင်းဆရာတော် ဦးပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တ ပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ သုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော်၊ ဘုရားကြီးတိုက်၊ သုဓမ္မာဝင် တောင်ပြင်ဌာနချုပ် ဆရာတော် ဦးဝိုင်း၊ ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ဦးကောဏ္ဍည၊ ဦးစက္ကိန္ဒ၊ ညောင်လေးပင်မြို့ တောင်ကျောင်းကြီး ဆရာတော် ဦးကေသရ စသော ဆရာတော်ကြီးများထံမှ ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးတော်မူခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲများနှင့် ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သိက္ခာတော်ငါးဝါရသည့်အချိန်မှစ၍ ဂဏဝါစကစာချအဖြစ်လည်းကောင်း၊ သိက္ခာတော် ရှစ်ဝါရတော်မူသည်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၌ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်တော်မူလျက် တပည့်သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ကိုးဆောင်ကျောင်းတိုက်၏ အာရာမိဿရဆသဏ္ဌကတွင် တစ်ပါးအပါအဝင်အဖြစ်လွှဲအပ်ခြင်းကို ခံတော်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သစ်တော်ကျောင်း၌ တပည့်သံဃာတော်များအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဝိနယ ဗဟုသုတ ပကာသနီကျမ်း၊ ဝါကျသံသယဝိသောဓနီကျမ်းတို့ကို ရေးသားဖြန့်ဝေတော်မူခြင်းဖြင့်လည်းကောင်း ပရိယတ္တိသာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် မြင်းခြံမြို့ ရွှေဘုံသာအလယ်ကျောင်းစာသင်တိုက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်စသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ မြင်းခြံမြို့ ကမ္မဋ္ဌာနာစရိယ ဦးပရမ၊ စွန်းလွန်းဂူကျောင်း စသောကမ္မဋ္ဌာန်းတိုက်ကြီးများကို တည်ထောင်တော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၊ပွဲကြီးမူလ ၆၆ပါး (ကိုယ်စားလှယ်အဖွဲ့ဝင်)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်အဓိပတိအဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာသင်္ဂီတိ ကာရကနှင့်ဘာဏက ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက ပါဠိတက္ကသိုလ်ဗဟို ကိုယ်စားလှယ်၊ ဂျပန်ပြည်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းဩဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ပရဒေသီနာယကအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ပြည်ပသို့သာသနာပြုခရီးကြွရောက်တော်မူခဲ့ခြင်း

ဆရာတော်ကြီးသည် ဂျပန်နိုင်ငံ မိုရီမြို့တွင် ၁၉၁၉ခုနှစ်၌ ကျင်းပပြုလုပ်သည့် သိမ်သမုတ်ပွဲသို့ ပြည်ပဓမ္မဒူတခရီး ကြွရောက်သည်မှစ၍ ပြည်ပငါးနိုင်ငံလေ့လာရေးခရီးအပါအဝင် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသည့်နိုင်ငံများသို့ ဓမ္မဒူတသာသနာပြုခရီး အကြိမ်ကြိမ် ကြွရောက်တော် မူခဲ့ပါသည်။

### အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားသောအားဖြင့် သိက္ခာတော်(၃၁)ဝါအရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၅၇)ဝါအရတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၆၅)ဝါအရတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူခြင်းမှ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (၁၇–၁၁–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ကိုးဆောင်တိုက်မဟာထေရ်ဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၁၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်ဆရာတော်ကြီးသည် (၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်)၁၇–၁၁–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်

ရန်ကုန် နိုဝင်ဘာ ၁၇

သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက်တွင် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ (၃၇)ကြိမ်မြောက် သံဃာ ၁၀၈ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ၃/မာန်ပြေ လူငယ်များ၏ ခြောက်ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က–ပ)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပြိုင်ပွဲကျင်းပရေးလုပ်ငန်း စီမံချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ ယှဉ်ပြိုင်သူများရွေးချယ်ခြင်း၊ ပြဋ္ဌာန်းစာအုပ်များသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲကျင်းပရက်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာအဖွဲ့မှ ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ခြိမ့်နိုင်၊မင်းသွေးနွယ်(ဇီးကုန်း)၊နှင်းသစ္စာကျော်၊ယဉ်မင်းထိုက်၊ သတိုးနွယ်၊ရူဝံ (မပခ)၊ လွမ်းသူနွေ(သချာ)၊ ကိုနိုင်(ချင်းတောင်)၊ ကြည်တင့်နိုင်တို့၏ ကဗျာများ၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ဆြာစန်း၊ကြည်လင်း(ဆေး)၊ ထက်ကောင်းလတ်(မင်းဘူး)၊မွေးနံ့သာ(မဟာသိပ္ပံ)၊ နိုင်ဘောဂလှဝင်း၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ မောင်ပညာကျော်၊ ညွှန့်ဟံ(ကြူတော)၊မြင့်သိန်း(ရန်ကုန်တက္ကသိုလ်)၊ ကျော်ဇင်ဝင်း(ပဲခူး)၊ အေးဝေ(သရက်)၊မလှသိန်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ နန္ဒာမိုးကြယ်၊ မောင်ကျေးဇူး၊ဦးခင်မောင်မြ(ဘီအေ၊ဘီအယ်လ်)၊ တက္ကသိုလ်ကိုလတ်၊ မောင်မောင်ဟန်(မကွေး)၊ လူကျော်၊ စိမ်းမြရည်(ပြန်/ဆက်)၊ ကေတုနီလာ၊ လှထွန်း(တွံတေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မောင်မောင်အုန်း(လယ်ဝေး)၊ မောင်မြင့်မား(ဘိုကလေး)၊ တွင်းကြီးသားတင်ဝင်းဦး၊ ဂီတစာဆိုမောင်မျိုးသူ၊ သန်လျင်မောင်မောင်ဦး၊ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ သက်သက်သင်း(ပညာရေး)၊ရဲဘော်မြသန်း(ဟိုပုန်း)၊ ဇော်ဝင်းမောင်(ဇီးကုန်း)တို့၏ မှတ်ဖွယ်ဆောင်းပါး၊ ရသမြောက်ဝတ္ထုများ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မောင်ဝဏ္ဏ၊ မောင်မောင်ညှက်တို့၏ ကာတွန်းလက်ရာများ စုံလင်စွာ ဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊တင်စိုးစာပေတို့တွင်ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုအမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (ကက)အုပ်စုမှ ပို့ဆောင်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၇ရက် (အဖိတ်နေ့)**
**၁၈–၁၁–၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | အကပဒေသာ |
| ၈း၂၀ | ၈။ | ဘိုင်းဒါးရေလျှောင်တမံ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go. |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use. |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၁၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၃၀ | ၇။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၄၀ | ၈။ | **"အားဆေး"** (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ–စောစန္ဒာလှိုင်) |
| ၁၇း၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၁၈း၀၀ | ၁၀။ | နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၁၈း၁၀ | ၁၁။ | သက်တံရောင်သံစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း–၂၉) |
| ၁၉း၃၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာရုပ်ရှင် **"ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်" (အပိုင်း–၁) (လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင်) (ဒါရိုက်တာ–နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)** |

# ခေတ်သစ်ပျိုးထောင်နည်းဖြင့် စိုက်ပျိုးသော ညွှ့်မထလတ်စိုက်ခင်းများ

## စံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း၁၂၀ထွက်ရှိ



ဒေးဒရဲ နိုဝင်ဘာ ၁၄

**ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ အထူးအထွက်တိုး စပါးစိုက်ခင်းဧက ၄၀၀ရှိ တောင်သူဦးဝင်းမြင့်အောင်နှင့် ဦးညွန့်မောင်တို့၏ လယ်မြေတွင် ခေတ်သစ်ပျိုးထောင်နည်းစနစ်ဖြင့် စိုက်ပျိုးသော ညွှ့်မထလတ်စပါးခင်းများကို စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် စံကွက်ရိတ်သိမ်း၍ မှတ်တမ်းပြုဆောင်ရွက်ရာ၌ ခေတ်သစ် ပျိုးထောင်စိုက်စနစ်အရ စိုက်ပျိုးထားသော ညွှ့်မထလတ်စပါးခင်းမှာ တစ်ဧကတင်း ၁၂၀ထွက်ရှိပြီး မျိုးစပါး သုံးပြည်သာ ကုန်ကျသည်။ သုံးတင်းမှ လေးတင်းအထိ ကုန်ကျသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက မိုးစပါး အလေအလွင့် မရှိ ရိတ်သိမ်းနယ်လှေ့ရေး၊ နွေစပါးအတွက် ခေါင်နံ့ မျိုးပွားစနစ်ဖြင့် စိုက်ပျိုးရေး၊ နွေစပါး ရာနှုန်းပြည့်မီစွာ စိုက်ပျိုးရန် ရေရရှိရေးနှင့် ဓာတ်မြေဩဇာအချိုး ကျသုံးစွဲရေးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဆောင်ရွက်

သမားရိုးကျစိုက်ပျိုးထားသော ညွှ့်မထလတ်စပါးကြိခင်းမှာ တစ်ဧက ၉၈တင်းခန့် သာထွက်ရှိပြီး မျိုးစပါး

### စမ်းသပ်

**ဗန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာတွင် သောက်သုံးရေ အရည်အသွေး စမ်းသပ်ရန် အတွက် အောက်တိုဘာ ၉ရက်က စည်ပင်သာယာရေး အဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဇေယျာမြင့် ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



**နိုဝင်ဘာ၂ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ပြားကျေးရွာတွင် ကျေးလက်နေအိမ်ဆောက်လုပ်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူးဦးစိုင်းရွှေအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**စလင်း နိုဝင်ဘာ ၆**

စလင်းမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရတနာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ကျေးရွာမူလတန်း ကျောင်း၌ ကျင်းပသည်။

### ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားများ ပြောကြားကြသည်။

### ပေးအပ်

ထို့နောက် အလှူရှင်များက စာအုပ်မျိုးစုံ ၇၂၀နှင့် အလှူငွေကျပ် ၂၆၀၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်သည်။

ထို့နောက်စာကြည့်တိုက်အဆောက်အအုံသစ်အား ကျေးရွာဥက္ကဋ္ဌ ဦးရဲညွန့်နှင့် ဦးစီးမှူးဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



# ဘဝတက်လမ်းကျေးရွာစာကြည့်တိုက်ဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပျဉ်းမနားမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အေးမြင့်သာယာကျေးရွာတွင် ဘဝတက်လမ်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ကျေးရွာ စာကြည့်တိုက်များဖွင့်လှစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်အလှူရှင်များက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ဝ၉၉)**

# ကောလင်း-လွယ်မောက်တောင် လမ်းမြေတိုးချဲ့ဆောင်ရွက်

**ကောလင်း နိုဝင်ဘာ ၂**

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မောင်ဦးနှင့်အဖွဲ့ အောက်တိုဘာ ၂၀ ရက်က ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် ကောလင်း-လွယ်မောက်တောင်လမ်း၊ ကောလင်း-ဝန်းသိုသွားလမ်းမများကို စက်ယန္တရားများ အသုံးပြု၍ လမ်းမြေတိုးချဲ့ခြင်းနှင့် လမ်းဖာထေးခြင်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ အတွင်းရေးမှူး ဦးအောင်မျိုးလှိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝ၂၆)**

**ရခိုင်ပြည်နယ် မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ၃၀ရက်က ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



# ကိုယ့်အားကိုယ်ကိုးကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေး ငွေလှူဒါန်း

အင်္ဂပူ နိုဝင်ဘာ ၆

**အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ပိန္နဲကွင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၁နာရီက ပိန္နဲကွင်းကျေးရွာ တွဲဖက်အလကခန်းမ၌ ကျင်းပသည်။**




အခမ်းအနားတွင်ဗိုလ်မှူးကြီးဘိုနီ၊ အင်္ဂပူမြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းတို့က အမှာစကား ပြောကြားကြပြီးနောက် ကိုယ့်အားကိုယ်ကိုး ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရန်အတွက်အလှူငွေကျပ် ၁၅၀၀၀၀၀ကို အမှတ်(၅) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဒေါ်ယုယုအောင်**(ယာပုံ)**၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာများမှ စေတနာအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းရွှေက လက်ခံရယူသည်။ **(၁၃၁)**

# ဆက်သွယ်ရေး ကောင်းမွန်ရန် ဖုန်းလိုင်းကေဘယ် ပြုပြင်ဆောင်ရွက်

**ရေစကြို နိုဝင်ဘာ ၂**

မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်တိုင်း အထွေထွေမန်နေဂျာ ဦးသွင်လင်းနှင့်အဖွဲ့က ရေစကြိုမြို့နယ် ဆက်သွယ်ရေးရုံးခန်းမဆောင်တွင် အောက်တိုဘာ ၂၂ရက်က ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးလုပ်ငန်းချောမွေ့ကောင်းမွန်ရန်အတွက် လက်ရှိအသုံးပြုသော တယ်လီဖုန်းလိုင်းကေဘယ်ကြိုးများ စစ်ဆေးပြုပြင်ခြင်းနှင့် စာပို့လုပ်ငန်းများ အချိန်မီ ရောက်ရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(၂၅၁)**



မြဝတီမြို့ အမှတ်(၄)ရပ်ကွက် တောရကျောင်းအနောက်လမ်း ကိုယ့်အား ကိုယ်ကိုး ကျောက်ရောမြေခင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုနှင့်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# ကျေးလက်သတင်းနှင့်မြင်ကွင်း

## ဆင်ဘိုမြို့တွင်ရုံးသစ်နှင့်စာကြည့်တိုက်ဖွင့်

**ဆင်ဘို နိုဝင်ဘာ ၅**

ဆင်ဘိုမြို့ တောပင်လုံကျေးရွာ၌ အောက်တိုဘာ ၁၅ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ်ဖွင့်ပွဲ၊ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ၁၅ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဉာဏ်လှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးမှူးဦးအောင်ကိုသန့်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရခြင်းနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံကိုလည်းကောင်း၊ ဦးယော်တန်က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မအူပင်ခရိုင်၌ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

မအူပင် နိုဝင်ဘာ ၃

**မအူပင်ခရိုင်၌ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက်က မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




အခမ်းအနားတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ် ဥက္ကဋ္ဌများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ အသက် (၇၅)နှစ် အထက် စစ်မှုထမ်းဟောင်းများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သောင်းစီကို ခရိုင်ဥက္ကဋ္ဌ ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၄၂၁)

## စာဆိုတော်နေ့ အကြိုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲစာမူများပေးပို့နိုင်

**ပျဉ်းမနား နိုဝင်ဘာ ၁၀**

ပျဉ်းမနားမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူး၍ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အကြိုအထိမ်းအမှတ်အဖြစ် "မြန်မာ့ ယဉ်ကျေးမှုဓလေ့စရိုက်ဖြင့် ကမ္ဘာ့ကပ်ရောဂါ အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး" ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ စာမူများကို ပျဉ်းမနားမြို့ ဓမ္မစာကြည့်တိုက်နှင့် ပျဉ်းမနားမြို့ ဘဲလေး ဗီဒီယိုသို့ နိုဝင်ဘာ ၂၅ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး ဒီဇင်ဘာ၁ရက်နေ့ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့တွင် ဓမ္မာရုံကြီး၌ ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။

၎င်းအပြင် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း မြို့နယ်အတွင်းရှိ ကျောင်းဆရာ၊ ဆရာမ ၂၀၀တို့ကို မဟာလယ်တီစံကျောင်းတော်ကြီး၌ "ထေရဝါဒ ဗုဒ္ဓသာသနာအဆုံးအမ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေး ရက်တိုသင်တန်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

**အောက်တိုဘာ၁ရက်ကကျောက်မဲမြို့ အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်း ပညာ့ဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုနှင့် ခရိုင်တရားသူကြီးဦးသိန်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)



**မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ မင်းပြားမြို့ ရေပေးရေးအတွက် ရေအရင်းအမြစ်ရယူနိုင်မည့် ဂရင်ဂျိုင်ဆည်အား အောက်တိုဘာ၂၇ရက်က ကွင်းဆင်းတိုင်းတာမှုများကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



**ကချင်ပြည်နယ်မိုးညှင်းမြို့နယ်စည်ပင်သာယာဈေးကြီး သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းသိမ်းဆည်းခြင်းကို အောက်တိုဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်၍ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မီးသတ်စခန်းတာဝန်ခံဦးမင်းသူနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။** (၁၅၂)

## သရက်ချောင်းမြို့နယ်အတွင်း ပန်းအလှပင်များ စိုက်ပျိုး

**သရက်ချောင်း နိုဝင်ဘာ ၅**

သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝဲပုံ)**

**(နယ်စပ်/စည်ပင်)**



## ဟိုပင်အထက နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်

**ဟိုပင် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်က ဟိုပင်အထက တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မိုးညှင်းမြို့နယ်ပညာရေးမှူး ဒေါ်တင်မိုးအေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူများ ဆုပေးပွဲ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မမိုးမိုးဆွေနှင့် ကျောင်းသား ကျောင်းသူ ၂၄၇ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## မြန်မာ့အသံ

**၁၉-၁၁-၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(အထူးအသည်းအားဆေး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ
(ဆေးဖက်ဝင်ကင်ပွန်းချဉ်ပင်)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ
(ကိုယ်ကျင့်တရား)
၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဓာတ်လမ်း
(သုံးနည်းသုံးသွယ်စိုက်ကြမယ်)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ရိုးသားသိမ်မွေ့မြန်မာဓလေ့
(ခေါင်းကြီးပိုင်း)
(၂)မွေးနေ့လက်ဆောင်
(ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ
(လူမျက်နှာ၏ ပတ်ဝန်းကျင်အကြောင်း-မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့
(ဥက္ကလာတေး-ကာလပေါ် တူရိယာအဖွဲ့)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တက်ရောက်ပြီး သြဝါဒစကားမြွက်ကြား ထူးချွန်လူငယ်ကျောင်းသားကျောင်းသူများအား အထွေထွေအတွင်းရေးမှူး ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

**တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသော

**စာမျက်နှာ ၆ ကော်လံ ၁ ✻**



နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း–စာ ၃) (သတင်းစဉ်)

## ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်ချမှတ်နေ

**ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နေခြင်းဖြစ်တယ်။**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖွံ့ဖြိုးရေးပါ အဓိကလိုအပ်သည့်အခြေခံအဆောက်အအုံမှာ လမ်းပန်းဆက်သွယ်ရေးဖြစ် ချင်းဆက်၊ ရွာချင်းဆက်လမ်းများကို အရှိန်အဟုန်ဖြင့်တိုးချဲ့ဖောက်လုပ်နိုင်ခဲ့

အချင်းတွေကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးခြင်းဖြစ်တယ်။ ပိုမိုကောင်းမွန်တဲ့မြန်မာ့လူ့အဖွဲ့အစည်းကို ဖန်တီးနိုင်စွမ်းရှိတဲ့ မျိုးဆက်သစ်လူငယ်တို့ဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ ဒီမိုကရေစီလူ့ဘောင်ထူထောင်ရေးမှာ လူသားအရင်းအမြစ်ဖြစ်တယ်။

အထက်မှာပြောခဲ့သလို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ စည်းရုံး၊ လေ့ကျင့်၊ လှုပ်ရှားရင်းခိုင်မာတဲ့ အမျိုးသားအင်အားစုကြီးကို ဖော်ဆောင်နေခြင်းဟာ နိုင်ငံတော်ကလိုအပ်တဲ့လူသားအရင်းအမြစ်ကို ဖြစ်ပေါ်စေတယ်။

**မောင်တို့မယ်တို့–**

ဒီနှစ်ကျင်းပတဲ့ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးမှာ ဆွေးနွေးချမှတ်ကြမယ့် အသင်းကြီးရဲ့ဦးတည်ချက်(၇)ရပ်ဟာ တိုင်းရင်းသားပြည်သူအားလုံးကို စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ လူမှုစီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့စွမ်းအားဖြင့် အဖျက်အန္တရာယ်မှကင်းဝေးအောင် ကာကွယ်ရေးတို့ကို အဓိကဦးတည်ထားတာကို တွေ့ရှိရမှာဖြစ်တယ်။

## အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်

ကျစ်လျစ်သိပ်သည်းခိုင်မာတဲ့ အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များဖြင့် ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်ရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်တယ်။

မောင်တို့မယ်တို့ဟာ နိုင်ငံတော်ရဲ့ ပကတိအခြေအနေတွေကို လေ့လာဆန်းစစ်နိုင်စွမ်းရှိတဲ့ မျိုးချစ်လူငယ်ခေါင်းဆောင်တွေဖြစ်ကြတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်တစ်ဝက်ကို ပြန်လည်ဆန်းစစ်ရင် ကိုလိုနီခေတ်ဘဝပေးအခြေအနေကြောင့် နိုင်ငံရေးအားဖြင့် စည်းလုံးညီညွတ်မှုအားလျော့ခဲ့တယ်။

အချင်းချင်း အထင်အမြင်လွဲမှားမှုဒဏ်ကို အားလုံးခံစားခဲ့ရတယ်။ နှစ်ပေါင်း ၄၀ ကျော် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်ကြောင့် မြန်မာ့သမိုင်းမှာ အမည်းစက်ရှိခဲ့ရဖူးတယ်။ ကိုလိုနီခေတ် ဘဝပေးအခြေအနေကြောင့် နိုင်ငံသားများဟာ အဖက်ဖက်က နိမ့်ကျတဲ့အခြေအနေဖြင့်သာရပ်တည်ခဲ့ရပြီး လွတ်လပ်ပြီးစကာလမှာလည်း ကိုလိုနီခေတ်သွေးခွဲအုပ်ချုပ်မှုကြောင့် စည်းလုံးညီညွတ်မှုအားလျော့ခဲ့ရပြီး အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆုံးရှုံးခဲ့ရတယ်။

## ဦးတည်ချက်များ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြတဲ့ မောင်တို့မယ်တို့ဟာ အဲဒီပကတိဖြစ်ရပ်မှန်တွေကို လေ့လာဆန်းစစ်ခဲ့ကြပြီးဖြစ်တယ်။ ဒို့တာဝန်ယူတဲ့ကာလမှာ ချမှတ်ကျင့်သုံးနေတဲ့ နိုင်ငံရေးဦးတည်ချက်များဟာ နိုင်ငံရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးစလုံးကို လွှမ်းခြုံထားတဲ့ဦးတည်ချက်များဖြစ်တယ်။ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များဟာလဲ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ချမှတ်ခဲ့တာဖြစ်တယ်။

**မောင်တို့မယ်တို့–**

အဲဒီဦးတည်ချက်တွေကို နိုင်ငံတော်အစိုးရဟာ နိုင်ငံသားပြည်သူအပေါင်းနဲ့အတူ မမိုတ်မသုန် အလေးအနက်အကောင်အထည်ဖော်ခဲ့တယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်ကာလဟာ ဦးတည်ချက်များ အောင်မြင်ရေးအတွက် အဖက်ဖက်မှာ ရင်းနှီးမြှုပ်နှံခဲ့ရတဲ့ ကာလအဖြစ် မြင်တွေ့ကြရမှာဖြစ်တယ်။

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးမှာ အဓိကအကျဆုံးလိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မမိုတ်မသုန်ယုံကြည်တယ်။ အဲဒီယုံကြည်ချက်အရ နိုင်ငံတော်ရဲ့တာဝန်ကို မလွှဲမရှောင်သာ ရယူပြီးတဲ့နောက်မှာ ပထမဆုံး ဦးစားပေးဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတာဝန်ကြီးဟာ တောတွင်းလက်နက်ကိုင်အင်အားစုများနဲ့ ငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းခဲ့ခြင်းဖြစ်တယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံရဲ့ အရေးအကြီးဆုံးလိုအပ်ချက်အဖြစ် အားလုံးက ရှုမြင်နိုင်စွမ်းရှိတာကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်ဟာ အောင်မြင်လာခဲ့တယ်။ အချင်းချင်း ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပြီး နယ်စပ်ဒေသအသီးသီးရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုသိသိသာသာ တိုးတက်လာခဲ့တာ အားလုံးမြင်တွေ့ရတဲ့အတိုင်းဖြစ်တယ်။

## အမျိုးသားစည်းလုံးညီညွတ်ရေး

အဲဒီလို တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုအခြေအနေကြောင့် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းပြီး မိမိကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်ခဲ့တယ်။ နယ်စပ်ဒေသတွေမှာ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်း၊ လမ်းပန်းဆက်သွယ်ရေးအပိုင်း၊ စိုက်ပျိုးမွေးမြူရေးအပိုင်း၊ ပညာရေး၊ ကျန်းမာရေးအပိုင်းတွေမှာ သိသိသာသာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်၊ ဒီလိုစီမံကိန်းလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရဟာ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူတို့နဲ့ လက်တွဲဆောင်ရွက်ခဲ့တယ်။ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပထမဆုံး စတင်ခဲ့တာဟာ လုံခြုံရေးအခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရတဲ့ နယ်စပ်ဒေသတွေမှာဖြစ်တယ်။ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဟာ သမိုင်းရဲ့လိုအပ်ချက်ဖြစ်တယ်။ အားလုံးစေတနာမှန်နဲ့ ဖော်ဆောင်ခဲ့တာကြောင့် သိသာတဲ့ဖွံ့ဖြိုးမှုရလဒ်တွေ ပေါ်ထွန်းလာခဲ့တယ်။ ဖွံ့ဖြိုးမှုနဲ့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေခံကောင်းတွေလဲ တစ်ပါတည်းဖွံ့ဖြိုးလာခဲ့တယ်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

**မြန်မာ အင်ဂျင်နီယာပညာရှင်များဖြင့် တည်ဆောက်ခဲ့ပြီး မကြာမီဖွင့်လှစ်တော့မည့် အရှည်ပေ ၁၁၅၇၅ ရှိသော မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးဖြစ်သည့် သံလွင်မြစ်ကူး(မော်လမြိုင်)တံတားကြီး တည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



## ခေတ်မီနိုင်ငံတော်သစ်နှင့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေး နိုင်ငံတော်အစိုးရကတည်ဆောက်ပေးထားသောအခြေခံအုတ်မြစ်များ

- ❑ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်တည်ဆောက်ရာမှာ အကြားအလပ်မရှိ ကွက်လပ်မကျန်ရေး အခြေခံမူနဲ့ဆောင်ရွက်ခဲ့။
- ❑ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၇ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၇၁ ခုတည်ဆောက်ခဲ့၊ ဆက်လက်ပြီး ဆည်မြောင်းစီမံကိန်း ၃၆ ခုနဲ့ မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲဖြစ်။
- ❑ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအား တပ်ဆင်မှုပမာဏဟာ ၇၀၇ မဂ္ဂါဝပ်ရှိခဲ့၊ နိုင်ငံတော်အစိုးရဟာ ၁၀နှစ်ကျော်ကာလအတွင်း နောက်ထပ် ၇၆၇ မဂ္ဂါဝပ် တိုးတက်တပ်ဆင်ခဲ့ပြီးဖြစ်။
- ❑ ၁၉၈၈ ခုနှစ်တုန်းက တစ်နိုင်ငံလုံးမှာ လမ်းမိုင် ၂၁၄၈၃ မိုင်သာရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်မှာ လမ်းမိုင် ၅၆၆၉၅ မိုင် ဖောက်လုပ်ခဲ့တဲ့အတွက် လမ်းမိုင် ၃၅၂၁၂ မိုင် တိုးတက်လာခဲ့ပြီဖြစ်၊ လမ်းပန်းဆက်သွယ်ရေးမှာအရေးပါတဲ့ ရထားလမ်းအသစ် ၁၁၂၈ မိုင် ဖောက်လုပ်ခဲ့ပြီး ယခုအခါ ရထားလမ်း ၃၉၂၁ မိုင်အထိ ရှိနေပြီဖြစ်။
- ❑ လေဆိပ်အသစ် ၁၂ ခုကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းအပါအဝင် လေယာဉ်ကွင်း ၃၃ ကွင်းအထိရှိလာပြီဖြစ်။
- ❑ ယခုအခါ အခြေခံပညာကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံးအခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေးကို စီမံကိန်းချမှတ်ဆောင်ရွက်နေ၊ စီမံကိန်း၏ရလဒ်အဖြစ် ၁၉၈၈ ခုနှစ်က မူလတန်းအဆင့်ကျောင်းဝင်နှုန်း ၇၇ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုပညာသင်နှစ်မှာ ကျောင်းဝင်နှုန်း ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာ။
- ❑ လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ ခုနှစ်က စာတတ်နှုန်း ၇၈ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၀၄ခုနှစ်မှာ ၉၃ဒသမ၃ရာခိုင်နှုန်းအထိ တိုးတက်လာ၊ ၁၉၈၈ ခုနှစ်မှာ အဆင့်မြင့်ပညာ သင်ယူဆည်းပူးသူ တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်တွင် ကိုးသိန်းခန့်အထိ သိသိသာသာတိုးတက်လာ။ ဘာသာရပ်ပေါင်းစုံ တိုးချဲ့သင်ကြားနိုင်ရေး၊ ဘွဲ့လွန်ပညာတွင် ပါရဂူဘွဲ့အထိ သင်ကြားနိုင်ရေးကိုပါ မြှင့်တင်ဆောင်ရွက်ခဲ့။
- ❑ ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်ခဲ့တာကြောင့် နိုင်ငံ့တာဝန်လွှဲယူခဲ့တဲ့အချိန်နဲ့ နှိုင်းယှဉ်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂၄ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်။
- ❑ ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ခုရှိခဲ့ရာမှ ယခုအခါဆေးရုံပေါင်း ၈၁၃ ခုအထိဖွင့်လှစ်ခဲ့တာကြောင့် ၁၈၂ခုတိုးတက်လာ။

# မိမိနိုင်ငံဖွံ့ဖြိုးရေးပြည်သူများ၏အင်အားသည်ပဓာနအကျဆုံးဖြစ် အခြေခံအဆောက်အအုံများပိုမိုအားကောင်းလာအောင်တည်ဆောက်

စာမျက်နှာ ၉ မှ

**မောင်တို့မယ်တို့–**

နိုင်ငံတော်အစိုးရဟာ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်နဲ့တိုင်းရင်းသား ပြည်သူအားလုံးအတွက် ချမှတ်ကျင့်သုံးခဲ့တယ်။ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံအုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးဖြစ်တယ်လို့ နိုင်ငံတော်က မမိုတ်မသုန်ယုံကြည်တယ်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးရဲ့အကျိုးစီးပွားအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြောလိုတယ်။

**မောင်တို့မယ်တို့–**

နိုင်ငံတော်ရဲ့တာဝန်ကို ယူခဲ့ရတဲ့အချိန်ကစပြီး ယနေ့ကာလအထိ ဖြစ်ပေါ်တိုးတက်မှုတွေကို ဆန်းစစ်မယ်ဆိုရင် ၁၉၈၈ မှ ၁၉၉၂ အထိ တည်ဆောက်ခဲ့တယ်။ ဆက်လက်ပြီး ဆည်မြောင်းစီမံကိန်း ၃၆ခုနဲ့ မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲဖြစ်တယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ လူနေမှုစနစ်ကလိုအပ်တဲ့ လျှပ်စစ်စွမ်းအားထုတ်လုပ်ရေးကို ထုထည်ပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံနေတယ်။ ၁၉၈၈ခုနှစ်က တစ်နိုင်ငံလုံးမှာ လျှပ်စစ်စွမ်းအား တပ်ဆင်မှုပမာဏဟာ ၇၀၇ မဂ္ဂါဝပ်ရှိခဲ့တယ်။ ဒီနေ့ နိုင်ငံတော်အစိုးရဟာ ၁၀နှစ်ကျော်ကာလအတွင်း နောက်ထပ် ၇၆၇ မဂ္ဂါဝပ် တိုးတက်တပ်ဆင်ခဲ့ပြီးဖြစ်တယ်။ တိုးတက်လာမယ့် စက်မှုလုပ်ငန်းနဲ့ လူနေမှုစနစ်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်အောင် အကြီးစား၊ အလတ်စား လျှပ်စစ်စွမ်းအား စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိတယ်။ လျာထားသတ်မှတ်ကာလအသီးသီးမှာ ပြီးမြောက်ပြီး လက်ရှိလိုအပ်ချက်အပြင် နောင်အနာဂတ်ရဲ့ လိုအပ်ချက်တွေကိုပါ ဖြည့်ဆည်းနိုင်မှာဖြစ်တယ်။

**မောင်တို့မယ်တို့–**

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသာမက လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးရေးနဲ့ ဒေသ ဖွံ့ဖြိုးရေးအတွက်ပါ အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံဟာ လမ်းပန်းဆက်သွယ်ရေးဖြစ်တယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း

လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ခုနှစ်က စာတတ်နှုန်း ၇၈ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၀၄ခုနှစ်မှာ ၉၃ဒသမ၃ရာခိုင်နှုန်းအထိ တိုးတက်လာတယ်။

အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ကောလိပ်များမှာလည်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားအောင် ဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ အဆင့်မြင့်ပညာသင်ယူဆည်းပူးသူ တစ်သိန်းသုံးသောင်းကျော်သာရှိခဲ့ရာမှ ယခု ၂၀၀၄ခုနှစ်တွင် ကိုးသိန်းခန့်အထိ သိသိသာသာတိုးတက်လာတယ်။ ဘာသာရပ်ပေါင်းစုံတိုးချဲ့သင်ကြားနိုင်ရေး၊ ဘွဲ့လွန်ပညာတွင် ပါရဂူဘွဲ့အထိ သင်ကြားနိုင်ရေးကိုပါ မြှင့်တင်ဆောင်ရွက်ခဲ့တယ်။

## တိုးချဲ့ဖွင့်လှစ်

အဆင့်မြင့်ပညာသင်ကြားမှုကို ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုအပြင်လိုအပ်သည့် ဒေသများမှာပါ ဖြန့်ကြက်ပြီး တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ခဲ့ရာမှာ ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်ခဲ့တာကြောင့် နိုင်ငံ့တာဝန်လွှဲယူခဲ့တဲ့အချိန်နဲ့နှိုင်းယှဉ်ရင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂၄ ခုတိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်တယ်။




**လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၇ ခု၊ မြစ်ရေတင်စီမံကိန်း ၂၇၁ ခု တည်ဆောက်ခဲ့ပြီး ဆက်လက်၍ ဆည်မြောင်းစီမံကိန်း ၃၆ ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော်နေဆဲဖြစ်သည်။ ပုံမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ မြို့သစ်ချောင်းပေါ်၌ တည်ဆောက်ထားသော လယ်မြေဧက ၂၅၀၀ ကို ဆည်ရေပေးဝေနိုင်သည့် ၁၆၅ ခုမြောက် ရေလှောင်တမံအဖြစ် ဖွင့်လှစ်လိုက်သော မြို့သစ်ရေလှောင်တမံ၏ မြင်ကွင်းအလှကို ဤသို့တွေ့ရသည်။** (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ကာလ အပိုင်းအခြားဟာ တည်ငြိမ်အေးချမ်းမှုကို ကြိုးပမ်းတည်ဆောက်ခဲ့ရတဲ့ကာလ အဖြစ် မြင်တွေ့ရမယ်။

နိုင်ငံတော်မှာ နယ်စပ်ဒေသများအပါအဝင် တည်ငြိမ်အေးချမ်းမှု တိုးတက်လာတဲ့အချိန်ကစပြီး နိုင်ငံရဲ့ပကတိလိုအပ်ချက်ဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဆီကို ဦးတည်ခဲ့တယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးကို တစ်မျိုးသားလုံးရဲ့ ပန်းတိုင်အဖြစ်ချမှတ်ခဲ့တယ်။

အဲဒီပန်းတိုင်သို့ ဦးတည် တည်ဆောက်ရေးမှာ တစ်မျိုးသားလုံးအတွက် အမျိုးသားနှစ်တိုစီမံကိန်းများ ရေးဆွဲချမှတ်ခဲ့တယ်။

## ထုထည်ပမာဏကြီးမား

အမျိုးသားစီမံကိန်း ချမှတ်အကောင်အထည်ဖော်ရေးမှာ ပင်မအကျဆုံးလိုအပ်ချက်ဟာ အခြေခံအဆောက်အအုံအပိုင်းဖြစ်တယ်။ တို့နိုင်ငံမှာ ဒေသအရရော၊ ကဏ္ဍအသီးသီးမှာပါ အခြေခံအဆောက်အအုံ မပြည့်စုံခဲ့တာ အားလုံးအသိပဲဖြစ်တယ်။ စီမံကိန်းအကောင်အထည်ဖော်ရာမှာ လိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်ရခြင်းဟာ ထုထည်ပမာဏကြီးမားလှတယ်။

ဒါကြောင့် စီမံကိန်းလုပ်ငန်းများမှာ အဓိကလိုအပ်တဲ့ အခြေခံအဆောက်အအုံများတည်ဆောက်နိုင်ရန် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက်လိုအပ်ချက်တွေကို လျာထားအကောင်အထည်ဖော်ခဲ့တယ်။

နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာမှာ အကြားအလပ်မရှိ ကွက်လပ်မကျန်ရေး အခြေခံမှုနဲ့ ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် မောင်တို့မယ်တို့ သိပြီးဖြစ်တဲ့အတိုင်း နယ်စပ်ဒေသများဖွံ့ဖြိုးရေး၊ တစ်နိုင်လုံးဖြန့်ကြက်သတ်မှတ်ထားတဲ့ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များချမှတ်ပြီး ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးမှုကို ကိုင်စွဲအကောင်အထည်ဖော်နေတယ်။

**မောင်တို့မယ်တို့–**

နိုင်ငံတော်ရဲ့စီးပွားရေးမှာ ယနေ့အထိ ထုထည်ပမာဏအကြီးဆုံးဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်တယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ယေဘုယျအားဖြင့် အလုပ်လုပ်နိုင်သူရဲ့ ၇၅ ရာခိုင်နှုန်း ပါဝင်ထမ်းဆောင်နေရတယ်။

စားသုံးမှုနဲ့ပြောမယ်ဆိုရင် အခြေခံစားကုန် ရာခိုင်နှုန်းပြည့်နီးပါးကို နိုင်ငံရဲ့လယ်ယာစိုက်ပျိုးရေးကဏ္ဍက ထုတ်လုပ်ပေးနေတယ်။

## အဓိကရင်းနှီးမြှုပ်နှံ

ဒါကြောင့် နိုင်ငံတော်ဟာ လယ်ယာကဏ္ဍရဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် အဓိကရင်းနှီးမြှုပ်နှံနေတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်ကာလအတွင်း ဆည်မြောင်းတာတမံအသစ် ၁၆၇ ခု၊ မြစ်ရေတင်လုပ်ငန်း ၂၇၁ ခု မော်တော်ကားလမ်း၊ မြို့ချင်းဆက်၊ ရွာချင်းဆက်လမ်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ဖောက်လုပ်ခဲ့တယ်။

၁၉၈၈ခုနှစ်တုန်းက တစ်နိုင်ငံလုံးမှာ လမ်းမိုင် ၂၁၄၈၃ မိုင်သာ ရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ်မှာ လမ်းမိုင် ၅၆၆၉၅ မိုင် ဖောက်လုပ်ခဲ့တဲ့အတွက် လမ်းမိုင် ၃၅၂၁၂မိုင် တိုးတက်လာခဲ့ပြီဖြစ်တယ်။

## မော်လမြိုင်တံတားကြီး

လမ်းဖောက်လုပ်ခြင်းနှင့်အတူ လိုအပ်တဲ့နေရာတိုင်းမှာ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို မိမိနိုင်ငံရဲ့ အတတ်ပညာရှင်များဖြင့် ဆောက်လုပ်ခဲ့တယ်။ မကြာခင် မြန်မာနိုင်ငံမှာ အရှည်လျားဆုံးသံလွင်မြစ်ကူး မော်လမြိုင်တံတားကြီးကို ဖွင့်လှစ်နိုင်တော့မှာဖြစ်တယ်။

လမ်းပန်းဆက်သွယ်ရေးမှာအရေးပါတဲ့ ရထားလမ်းအသစ် ၁၁၂၈မိုင် ဖောက်လုပ်ခဲ့ပြီး ယခုအခါ ရထားလမ်း ၃၉၂၁ မိုင်အထိ ရှိနေပြီဖြစ်တယ်။ လေဆိပ်အသစ် ၁၂ ခုကိုလည်း တိုးချဲ့တည်ဆောက်ခဲ့ပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းအပါအဝင် လေယာဉ်ကွင်း ၃၃ ကွင်းအထိရှိလာပြီ ဖြစ်တယ်။

**မောင်တို့မယ်တို့–**

ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက်လည်း နိုင်ငံတော်က ပမာဏကြီးစွာ ရင်းနှီးမြှုပ်နှံလျက်ရှိတယ်။

ပညာရေးဟာ ဖွံ့ဖြိုးရေးတိုးတက်ရေးအတွက် အရင်းအမြစ်ဖြစ်တယ်။ အခြေခံပညာရော၊ အဆင့်မြင့်ပညာမှာပါ သင်ယူမှုအခွင့်အလမ်း မြင့်မားတိုးတက်ရေး၊ ပညာရည်မြင့်မားရေး၊ နိုင်ငံရဲ့လိုအပ်ချက်နဲ့အညီ ဘာသာရပ်များကို တိုးချဲ့သင်ကြားရေးကို ဆောင်ရွက်ခဲ့တယ်။

နိုင်ငံတော်ဟာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး တစ်ဆက်တည်း အနှစ်(၃၀)နှစ်ရှည်မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်နေတယ်။ ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာမှာ သမိုင်းအစဉ်အလာနဲ့အညီ ပြည်သူလူထုကြီးနဲ့ လူမှုရေးအသင်းအဖွဲ့များရဲ့ ပူးပေါင်းပါဝင်မှုနဲ့အတူ အကောင်အထည်ဖော်ခဲ့တယ်။

## သိသိသာသာမြင့်မားတိုးတက်လာ

ယခုအခါ အခြေခံပညာကဏ္ဍမှာ နိုင်ငံတစ်ဝန်းလုံးအခြေခံပညာကျောင်းပေါင်း ၄၀၅၀၅ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေးကို စီမံကိန်းချမှတ်ဆောင်ရွက်နေတယ်။ အဲဒီစီမံကိန်းရဲ့ရလဒ်အဖြစ် ၁၉၈၈ခုနှစ်က မူလတန်းအဆင့်ကျောင်းဝင်နှုန်း ၇၇ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုပညာသင်နှစ်မှာ ကျောင်းဝင်နှုန်း ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာတယ်။ အခြေခံပညာအဆင့်တိုင်းမှာလည်း ကူးပြောင်းသင်ယူမှုသိသိသာသာမြင့်မားတိုးတက်လာတာကိုတွေ့ရှိရတယ်။

တက္ကသိုလ်၊ ကောလိပ်များဟာ တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ဖွင့်လှစ်ခဲ့တာကြောင့် ဒေသအသီးသီးမှာရှိတဲ့ မျိုးဆက်သစ်လူငယ်တွေဟာ အဆင့်မြင့်ပညာကို တိုးတက်သင်ကြားခွင့် ရရှိနေပြီဖြစ်တယ်။

**မောင်တို့မယ်တို့–**

နိုင်ငံတော်ဟာ ပညာရေးမှာ ပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေတဲ့အတွက် ရလဒ်အနေဖြင့် နိုင်ငံတော်ကလိုအပ်တဲ့ အရည်အချင်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ကြီးကို စဉ်ဆက်မပြတ်ရရှိနိုင်မှာဖြစ်ကြောင်း ပြောလိုတယ်။

လူမှုရေးကဏ္ဍတစ်ခုဖြစ်တဲ့ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးဟာလဲ လူသားအရင်းအမြစ်ဖြစ်ကြောင်း နိုင်ငံတော်က ယုံကြည်တယ်။

ဒီယုံကြည်ချက်နဲ့အညီ ကျန်းမာရေးပညာ၊ ဆေးပညာသင်ကြားမှုတိုးချဲ့မြှင့်တင်ခြင်း၊ ဆေးရုံများ၊ ဆေးခန်းများ၊ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရှိရင်းဆေးရုံများကို ဖွံ့ဖြိုးရေးဒေသအလိုက် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ခဲ့တယ်။ ၁၉၈၈ခုနှစ်က ဆေးရုံ ၆၃၁ခုရှိခဲ့ရာမှ ယခုအခါ ဆေးရုံပေါင်း ၈၁၃ခုအထိ ဖွင့်လှစ်ခဲ့တာကြောင့် ၁၈၂ခု တိုးတက်လာတယ်။

ဆေးရုံများမှာလည်း ခေတ်မီကိရိယာများကို တိုးချဲ့တပ်ဆင်ခဲ့တာကြောင့် ဆေးကုသမှု ထိထိရောက်ရောက် တိုးတက်လာခဲ့တယ်။ တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက် သင်ကြားမှု၊ဆေးဝါးထုတ်လုပ်မှု၊ကုသမှုတွေကို အားပေးမြှင့်တင်လျက်ရှိတယ်။ မန္တလေးမှာ တိုင်းရင်းဆေးပညာ တက္ကသိုလ်ကြီးတစ်ခု ဖွင့်လှစ်ခဲ့ပြီး တိုင်းရင်းဆေးပညာဖြင့် ကုသတဲ့ တိုင်းရင်းဆေးရုံများလည်း နိုင်ငံတော်မှာ ပေါ်ထွန်းလာပြီဖြစ်တယ်။

**မောင်တို့မယ်တို့–**

ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်မယ်ဆိုရင် နိုင်ငံတော်မှာ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ရဲ့ စီးပွားရေးတောင့်တင်းရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့ဟာ ပဓာနကျတဲ့ လိုအပ်ချက်များဖြစ်တယ်။

စာမျက်နှာ ၁၂ ကော်လံ ၅ သို့

# ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံဘာသာတွဲ ပြည်နယ်နှင့်တိုင်းအလိုက် ထူးချွန်စွာအောင်မြင်ကြသူများ

တလုပ်ကျေးရွာမှ မခင်မိုးဝင်း၊ မကွေးတိုင်း ပခုက္ကူမြို့နယ် ဝါဒီ အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်မင်းထွေး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဇရပ်ပြင်အခြေခံ ပညာအထက်တန်းကျောင်းမှ မစုမွန်၊ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်း၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလတံခွန် စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိကြသော မောင်မင်းဇော်ဦးနှင့် မောင်ဇော်ဝမ်း၊ မလေးရှားနိုင်ငံ၌ကျင်းပခဲ့သည့် ၂၀၀၄ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မသင်းသင်းခိုင်၊




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်စိုးမိုးအောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ချင်းပြည်နယ်ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဂျိုးဇက်ဗန်ဘွေအုပ်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ကျော်ဇေယျာထွင့်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ဝင်းနိုင်စိုးအား ဂုဏ်ပြု လက်ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကြက်တူးရွေးတောင် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ မောင်ဇော် မင်းထိုက်တို့အား ဂုဏ်ပြုလက်ဆောင် များပေးအပ်သည်။

ကျောင်းမှ မဇူလိုင်ကို၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းမှ မဇင်မာ နွယ်၊ ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းမှ မောင်ဂျိုးဇက်ဗန်ဘွေအုပ်၊ စစ်ကိုင်းတိုင်း ချောင်းဦးမြို့ အခြေခံ မြို့အမှတ်(၉) အခြေခံပညာ အထက် တန်းကျောင်းမှ မဝင်းလဲ့မွန်၊ ရခိုင် ပြည်နယ် ကျောက်ဖြူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းနိုင်စိုး၊ ရှမ်းပြည်နယ်(မြောက် ပိုင်း) သီပေါမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ မောင်အောင် နှင့်တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ပထမရရှိကြသူများဖြစ်ကြသည့် ကယားပြည်နယ် ဖရူဆိုမြို့နယ် နန်းဖဲ ကျေးရွာမှ မနော်တပြည်သား၊ ကရင် ပြည်နယ် ဘားအံမြို့နယ် မြိုင်ကျေး ရွာမှ မောင်အောင်ကျော်စိုး၊ ချင်းပြည် နယ် ထန်တလန်မြို့ အခြေခံပညာ ကျောင်းမှ မနှင်းနုရည်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ညောင်ရွှေမြို့နယ် ခေါင် တိုင်ကျေးရွာမှ မောင်ကျော်သူနိုင်၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မှ မောင်ကျောင်ဂိုးဇစိန်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းပျဉ်းမြို့အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သက် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ကျင်းပသည့် (၈)ကြိမ်မြောက် အရှေ့ တောင်အာရှဂျူဒိုပြိုင်ပွဲနှင့် (၁၂)ကြိမ် မြောက်အပြည်ပြည်ဆိုင်ရာ အာရှဖိတ် ခေါ်ဂျူဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မနွယ်နွယ်သန်း၊ (၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဂျူဒိုပြိုင်ပွဲတွင်




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြည်နယ်နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သီဟကျော်စိုးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ချင်းပြည်နယ် ထန်တလန်မြို့ အခြေခံပညာ အထက် တန်းကျောင်းမှ မောင်ဗန်ကျင်မန်အား ဂုဏ်ပြုလက် ဆောင် ပေးအပ်စဉ်။

**(သတင်းစဉ်)**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ပဲခူးတိုင်း(အရှေ့) ကျောက်တံခါးမြို့နယ် တောကျွဲအင်း အခြေခံပညာ အထက်တန်းကျောင်းမှ မသီရိရွှေမာဦး အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။**

(သတင်းစဉ်)




ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့မှ မောင်ကျောင် ဂိုးဇစိန်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။

**(သတင်းစဉ်)**

ထို့နောက် အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြည်နယ် နှင့်တိုင်းအလိုက် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိကြသူများဖြစ်ကြ သည့် ကချင်ပြည်နယ် မြစ်ကြီးနား မြို့ အမှတ်(၁) အခြေခံပညာအထက် တန်းကျောင်းမှ မောင်စိုးမိုးအောင်၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်း ပညာ အထက်တန်းကျောင်းမှ မသက် သက်၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက် တန်းကျောင်းမှ မသဉ္ဇာသျှိုး၊ ပဲခူးတိုင်း (အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်ဇေယျာထွင့်၊ မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ချမ်းမြေ့ အေးသောင်၊ မွန်ပြည်နယ် မော်လမြိုင် ရဲကျော်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အခြေခံပညာအထက် တန်းကျောင်းမှ မောင်သန့်ဇင်ဦးနှင့် ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သီဟကျော်စိုးတို့အား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးက ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ် အထက်တန်းကျောင်းမှ မောင်ဗန် ကျင်မန်၊ စစ်ကိုင်းတိုင်း ကန့်ဘလူ မြို့မှ မောင်ခင်မောင်ငြိမ်း၊ တနင်္သာရီ တိုင်း တနင်္သာရီမြို့နယ် သိန္ဓောကျေး ရွာ(တကူ)အခြေခံပညာအထက်တန်း ကျောင်းမှ မောင်ရွှေလင်းဦး၊ ပဲခူးတိုင်း (အရှေ့)ကျောက်တံခါးမြို့နယ် တော ကျွဲအင်း အခြေခံပညာအထက်တန်း ကျောင်းမှ မသီရိရွှေမာဦး၊ ပဲခူးတိုင်း (အနောက်)မိုးညိုမြို့နယ် အင်းတော် ပိုင်ထူးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အထွေထွေအတွင်း ရေးမှူး ဦးဌေးဦးက မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာရှအဆင့် အသက်(၁၄)နှစ်နှင့် အောက် အာရှဇုန်(၂)လူငယ်တင်းနစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများရရှိကြ သော မောင်ဖြိုးမင်းသာနှင့် မောင် ဝင်းထက်ပိုင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ရွှေတံဆိပ်ဆုများရရှိကြသော မအေး အေးသင်းနှင့် မအေးအေးအောင်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကနူး လှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ် ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ဆုများရရှိ ကြသော မောင်ဖုန်းမြင့်တေဇာ၊ မောင် အောင်ကျော်မိုး၊ မောင်အောင်လင်း၊ မောင်ဝင်းထိုက်၊ မအေးမိခိုင်နှင့်

***စာမျက်နှာ ၁၂ သို့***

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော် အပ်ပါ သည်။

## ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၁၅) ထုတ်ဝေဖြန့်ချိ



**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံ ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၅)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ ပြန်လည်ရောက်ရှိသည့်သတင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်–အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည့်သတင်း၊ စန်းနီလာဝင်း၊ ညွန့်ဟံ(ကြူတော)၊ တက္ကသိုလ်သခ်၊ မောင်မောင်ဌေး၊ ကြည်လင်း(ဆေး)တို့၏ ဖတ်ဖွယ် မှတ်ဖွယ် ဆောင်းပါးများ၊ နိုင်ငံတကာဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ ခုနှစ် အခြေခံလေကြောင်းထူးချွန်မျိုးဆက်သစ် လူငယ် ကချင်ပြည်နယ် ရွှေကူမြို့နယ်မှ မောင်ပန်းထွန်းမိုးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။**
(သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဖိလစ်ပိုင်သမ္မတနိုင်ငံတွင်ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ ကနူးလှေလှော် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူ မောင်ဘုန်းမြင့်တေဇာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။** (သတင်းစဉ်)

**စာမျက်နှာ ၁၁ မှ**

မသိန်းဌေးဝင်း၊ ပါကစ္စတန်သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အသက်(၁၈)နှစ်အောက် သက်ငယ်တမ်း ကမ္ဘာ့အမှတ်ပေး တင်းနစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မချစ်စုရည်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းကိုယ်စား အသင်းခေါင်းဆောင် မစန်းစန်းမော်တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ၂၀၀၄ခုနှစ် ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြစ်ကြသော ပဲခူးမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူးမောင်ဇော်မိုးအောင်နှင့် ဖားဆောင်းမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်သား နန်းရီရီထွေး၊ ၂၀၀၄ခုနှစ် ထူးချွန်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖြစ်ကြသော ကချင်ပြည်နယ်မိုးကောင်းမြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ရင်းမှူးဦးဆိုင်းနော်နှင့် ရန်ကုန်တိုင်းအင်းစိန်မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ခွဲမှူး ဒေါ်စန်းစန်းဦး၊ ၂၀၀၄ ခုနှစ် အခြေခံလေကြောင်းထူးချွန်မျိုးဆက်သစ် လူငယ်များဖြစ်ကြသော ကချင်ပြည်နယ် ရွှေကူမြို့နယ်မှ မောင်ပန်းထွန်းမိုးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့မှ မောင်စိုင်းမင်းမင်းဦး၊ ၂၀၀၄ ခုနှစ်တန်းမြင့်ရေကြောင်းထူးချွန်မျိုးဆက်သစ်လူငယ် ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ်မှ မောင်ထင်လင်းနောင်၊ ၂၀၀၄ခုနှစ် အခြေခံရေကြောင်းထူးချွန်မျိုးဆက်သစ်လူငယ် ရန်ကုန်တိုင်းဗိုလ်တထောင်မြို့နယ်မှ မောင်တင်ထူးနိုင်တို့အား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ကွန်ပျူတာတက္ကသိုလ် (ဂုဏ်ထူးတန်း) ကျိုင်းတုံမြို့မှ မောင်စည်သူထွန်း၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုနှင့်အထက်ရရှိကြသော ကျောင်းသားများဖြစ်ကြသည့် ရွှေတံဆိပ်ကိုးဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေဝင်း၊ ရွှေတံဆိပ်ရှစ်ဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်သူဟိန်း၊ ရွှေတံဆိပ်ရှစ်ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်းထူးဇော်၊ ရွှေတံဆိပ်ခုနစ်ဆုရ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ မောင်အောင်ကိုသက်၊ ရွှေတံဆိပ်ခြောက်ဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိန်သန်းဇော်(ခ)သန်းထိုက်၊ ရွှေတံဆိပ် ငါးဆုရ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်နေလင်းအောင်(ခ)စိန်ဗိုလ်ထူး၊ ရွှေတံဆိပ် ငါးဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မောင်လွင်ကိုကိုဦး၊ ရွှေတံဆိပ်ငါးဆုရ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ မောင်ကျော်ဇင်အောင်နှင့် ရွှေတံဆိပ်ငါးဆုရ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မောင်မျိုးမင်းသန်းတို့အား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄) စတုတ္ထနေ့အစည်းအဝေး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြည်နယ်နှင့် တိုင်းအလိုက် ဝိဇ္ဇာ ဘာသာတွဲဖြင့် ထူးချွန်စွာ ပထမရရှိခဲ့သည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဇရပ်ပြင် အခြေခံပညာ အထက်တန်းကျောင်းမှ မစုမွန်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။**
(သတင်းစဉ်)

## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

စိမ်းလဲ့ရွှေပြည်ဂျာနယ်အတွဲ(၁)၊အမှတ်(၁၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



အဆိုပါဂျာနယ်တွင် သျှင်ပညာဇောတ၊ သက်သက်သင်း(ပညာရေး)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ ကြည်လင်း(ဆေး)၊ မောင်ကျန်းမာ (မကြီးကုန်းကြီး)၊ စောလှနွယ် (မကွေး)၊ ကျော် (ပဲခူး)၊ ကနောင်မောင်မောင်၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဓာတ်ပုံခင်ဇော်၊ အေးဝေ(သရက်)၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ နှင်းဆီနီနီ(မြန်မာစာ)၊ လေးဝတီကျော်၊ ကျော်ဇင်ဝင်း(ပဲခူး)၊ မောင်ကောင်းယဉ်၊ ရင်ခုန် သံမောင်အေးထွန်း၊ လှထူးမြိုင်၊ ကိုတိုး(G.A)တို့၏ ဖတ်ဖွယ်မှတ်ဖွယ် ဆောင်းပါးများ၊ ဓာနည်၊ မင်းကြော့ရှိန်၊ မွှေးငယ်ငယ်တို့၏ ကဗျာများ၊ အင်္ဂလိပ်စကားပြော၊ ကုန်ဈေးနှုန်း၊ မိုးလေဝသသတင်းများ၊ ဗေဒင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းဆေးကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို တင်စိုးစာပေ၊ ဆင်တောင်ကြီးစာပေ၊ သတင်းနှင့်စာနယ်ဇင်း အရောင်းဆိုင်၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၀ မှ**

အထက်မှာ နိုင်ငံတော်ကြီးကို ဘက်ပေါင်းစုံဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခဲ့တာတွေနဲ့ရလဒ်တွေကို အကျဉ်းမျှပြောခဲ့ပြီးဖြစ်တယ်။ ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ် ချမှတ်နေခြင်းဖြစ်တယ်။

### ပါဝင်ခဲ့

ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်တယ်။

မောင်တို့မယ်တို့ဟာ ၂၀၀၃ခုနှစ်အတွင်းမှာ မူဝါဒလမ်းစဉ်(၇)ရပ်ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးများကို တက်ရောက်ခဲ့ကြပြီး ဖြစ်တယ်။ ဒါ့အပြင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှာကျင်းပခဲ့တဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လူထုအစည်းအဝေးကြီးမှာလည်း ပါဝင်ခဲ့ကြပြီးဖြစ်တယ်။

**မောင်တို့မယ်တို့–**

ပုဂံလူထုအစည်းအဝေးကြီးမှာ ပြည်ထောင်စုအစွန့်ရှည်တည်တံ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတို့ကို ပြည်သူတို့ရဲ့ပန်းတိုင်အဖြစ် သတ်မှတ်ကြေညာခဲ့တယ်။

**မောင်တို့မယ်တို့–**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နေခြင်းဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးရဲ့ အခြေခံဖြစ်တယ်။ တစ်မျိုးသားလုံးရဲ့ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံဖွံ့ဖြိုးရေးမှာ ပြည်သူတို့ရဲ့ အင်အားဟာ ပဓာနအကျဆုံးဖြစ်တယ်။

### နိုင်ငံရဲ့အင်အား

တို့နိုင်ငံရဲ့သမိုင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးမြင့်မားတဲ့အခါ ပြည်သူတို့ရဲ့အင်အားဟာ ပိုမိုအားကောင်းလာတယ်။ ပြည်သူတို့ရဲ့ အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ နိုင်ငံရဲ့အင်အားဖြစ်တယ်။

**မောင်တို့မယ်တို့–**

အဲဒီအင်အားဖြင့် ယခု တည်ဆောက်ပြီးဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်မှုအခြေခံကောင်းတွေ၊ အမျိုးသားစီးပွားရေးဘဝ အခြေခံအဆောက်အအုံတွေ၊ လူမှုရေးဖွံ့ဖြိုးမှု အခြေခံအဆောက်အအုံတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပိုမိုအားကောင်းလာအောင် တည်ဆောက်ကြရမှာဖြစ်တယ်။

**မောင်တို့မယ်တို့–**

နိဂုံးချုပ်မှာကြားလိုတာကတော့ ယခုနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်ကြမည့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းကြီးရဲ့ ဦးတည်ချက်များနှင့်အညီ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မြဲအောင် အားထုတ်ကြရမယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးမှသည် တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်ကြရမယ်။ နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ စီးပွားရေးဘဝအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ကြရမယ်။ အသင်းကြီးက သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်ကြီးပေါ်ထွန်းလာအောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ် ဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် နိုဝင်ဘာ ၁၇



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ အရိမဒ္ဒနပေါက္ကံပြည် ဒုတိယမြို့တည်ရာ ခမည်းတော် ဦးဘိုးခေတ်၊ မယ်တော် ဒေါ်ကျော့တို့မှ ၁၂၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၁ ခုနှစ်တွင် သီရိပစ္စယာရွာ သာယာဝတေ့တောရကျောင်းဆရာတော် ဘဒ္ဒန္တ ပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ခဏ္ဍာသိမ်တော်၌ ပုဂံမြို့ သာယာဝတေ့တောရကျောင်း (မူလဥပဇ္ဈာယ်ဆရာ) ဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက် မြင်းခြံမြို့ ဈေးကြီးရပ် ဆန်ကုန်သည် ကျောင်းဒါယကာကြီး ဦးထွန်းခိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ လောကနန္ဒာကျောင်းဆရာတော် ဦးအာဒိစ္စအထံ၌ အခြေခံကျမ်းစာများကို ခုနစ်နှစ်သားအရွယ်အထိ သင်ကြားတော်မူပြီး စဉ့်ကူမြို့သို့ မိဘများနှင့်အတူလိုက်ပါ၍ ဆရာကြီးဦးဘန်း၊ ဒေါ်ရွှေမေ စာသင်ကျောင်း၌ စတုတ္ထတန်းအထိ လောကီပညာများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထို့နောက် သာယာဝတေ့ တောရကျောင်းဆရာတော် ဦးပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ သုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော်၊ ဘုရားကြီးတိုက်၊ သုဓမ္မာဝင် တောင်ပြင်ဌာနချုပ် ဆရာတော် ဦးဝိုင်း၊ ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ဦးကောဏ္ဍည၊ ဦးစက္ကိန္ဒ၊ ညောင်လေးပင်မြို့ တောင်ကျောင်းကြီး ဆရာတော် ဦးကေသရ စသော ဆရာတော်ကြီးများထံမှ ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးတော်မူခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲများနှင့် ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သိက္ခာတော်ငါးဝါရသည့်အချိန်မှစ၍ ဂဏဝါစကစာချအဖြစ်လည်းကောင်း၊ သိက္ခာတော် ရှစ်ဝါရတော်မူသည်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၌ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်တော်မူလျက် တပည့်သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ကိုးဆောင်ကျောင်းတိုက်၏ အာရာမိဿရဆသန္တကတွင် တစ်ပါးအပါအဝင်အဖြစ်လွှဲအပ်ခြင်းကို ခံတော်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သစ်တော်ကျောင်း၌ တပည့်သံဃာတော်များအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဝိနယ ဗဟုသုတ ပကာသနီကျမ်း၊ ဝါကျသံသယဝိသောဓနီကျမ်းတို့ကို ရေးသားဖြန့်ဝေတော်မူခြင်းဖြင့်လည်းကောင်း ပရိယတ္တိသာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် မြင်းခြံမြို့ ရွှေဘုံသာအလယ်ကျောင်းစာသင်တိုက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်စသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ မြင်းခြံမြို့ ကမ္မဋ္ဌာနာစရိယ ဦးပရမ၊ စွန်းလွန်းဂူကျောင်း စသောကမ္မဋ္ဌာန်းတိုက်ကြီးများကို တည်ထောင်တော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၊ပွဲကြီးမှူလ ၆၆ပါး (ကိုယ်စားလှယ်အဖွဲ့ဝင်)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်အဓိပတိအဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာသင်္ဂီတိ ကာရကနှင့်ဘာဏက ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက ပါဠိတက္ကသိုလ်ဗဟို ကိုယ်စားလှယ်၊ ဂျပန်ပြည်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း ဩဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ပရဒေသီနာယကအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ပြည်ပသို့သာသနာပြုခရီးကြွရောက်တော်မူခဲ့ခြင်း

ဆရာတော်ကြီးသည် ဂျပန်နိုင်ငံ မိုရှီမြို့တွင် ၁၉၁၉ခုနှစ်၌ ကျင်းပပြုလုပ်သည့် သိမ်သမုတ်ပွဲသို့ ပြည်ပဓမ္မဒူတခရီးကြွရောက်သည်မှစ၍ ပြည်ပငါးနိုင်ငံလေ့လာရေးခရီးအပါအဝင် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသည့်နိုင်ငံများသို့ ဓမ္မဒူတသာသနာပြုခရီး အကြိမ်ကြိမ်ကြွရောက်တော် မူခဲ့ပါသည်။

### အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားသောအားဖြင့် သိက္ခာတော်(၃၁)ဝါအရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၅၇)ဝါအရတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၆၅)ဝါအရတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူခြင်းမှ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (၁၇-၁၁-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်မဟာထေရ်ဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၁၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်ဆရာတော်ကြီးသည် (၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်)၁၇-၁၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်

ရန်ကုန် နိုဝင်ဘာ ၁၇

သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက်တွင် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ (၃၇)ကြိမ်မြောက် သံဃာ ၁၀၈ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ၃/မာန်ပြေ လူငယ်များ၏ ခြောက်ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

## နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပြိုင်ပွဲကျင်းပရေး လုပ်ငန်း စီမံချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ ယှဉ်ပြိုင်သူများရွေးချယ်ခြင်း၊ ပြဋ္ဌာန်းစာအုပ်များသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲကျင်းပရက်သတ်မှတ်ခြင်း တို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာအဖွဲ့မှ ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ခြိမ့်နိုင်၊မင်းသွေးနွယ်(ဓီးကုန်း)၊နှင်းသစ္စာကျော်၊ယဉ်မင်းထိုက်၊ သတိုးနွယ်၊ရူဝံ(မပခ)၊ လွမ်းသူနွေ(သချာ)၊ ကိုနိုင်(ချင်းတောင်)၊ ကြည်တင့်နိုင်တို့၏ ကဗျာများ၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ဆြာစန်း၊ကြည်လင်(ဆေး)၊ ထက်ကောင်းလတ်(မင်းဘူး)၊မွေးနံ့သာ(မဟာသိပ္ပံ)၊ နိုင်ဘောဂလှဝင်း၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ မောင်ပညာကျော်၊ ညွန့်ဟံ(ကြူတော)၊မြင့်သိန်း(ရန်ကုန်တက္ကသိုလ်)၊ ကျော်ဇင်ဝင်း(ပဲခူး)၊ အေးဝေ(သရက်)၊မလှသိန်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ နန္ဒာမိုးကြယ်၊ မောင်ကျေးဇူး၊ဦးခင်မောင်မြ(ဘီအေ၊ဘီအယ်လ်)၊ တက္ကသိုလ်ကိုလတ်၊ မောင်မောင်ဟန်(မကွေး)၊ လူကျော်၊ စိမ်းမြရည်(ပြန်/ဆက်)၊ ကေတုနီလာ၊ လှထွန်း(တွံတေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မောင်မောင်အုန်း(လယ်ဝေး)၊ မောင်မြင့်မား(ဘိုကလေး)၊ တွင်းကြီးသားတင်ဝင်းဦး၊ ဂီတစာဆိုမောင်မျိုးသူ၊ သန်လျင်မောင်မောင်ဦး၊ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ သက်သက်သင်း(ပညာရေး)၊ရဲဘော်မြသန်း(ဟိုပုန်း)၊ ဇော်ဝင်းမောင်(ဓီးကုန်း)တို့၏ မှတ်ဖွယ်ဆောင်းပါး၊ ရသမြောက်ဝတ္ထုများ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မောင်ဝဏ္ဏ၊ မောင်မောင်ညွှက်တို့၏ ကာတွန်းလက်ရာများ စုံလင်စွာ ဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊တင်စိုးစာပေတို့တွင်ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုအမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (ကက)အုပ်စုမှ ပို့ဆောင်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၇ရက် (အဖိတ်နေ့)**

**၁၈-၁၁-၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | အကပဒေသာ |
| ၈း၂၀ | ၈။ | ဘိုင်းဒါးရေလှောင်တမံ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go. |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use. |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၁၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၃၀ | ၇။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၄၀ | ၈။ | **"အားဆေး"** (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိမ်ခြွေထွန်း) (ဒါရိုက်တာ-စောစန္ဒာလှိုင်) |
| ၁၇း၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၁၈း၀၀ | ၁၀။ | နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၁၈း၁၀ | ၁၁။ | သက်တံရောင်သံစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၂၉) |
| ၁၉း၃၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာရုပ်ရှင် **"ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်" (အပိုင်း-၁) (လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင်) (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)** |

# ခေတ်သစ်ပျိုးထောင်နည်းဖြင့် စိုက်ပျိုးသော ညှော့်မထလတ်စိုက်ခင်းများ

## စံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း၁၂၀ထွက်ရှိ

ဒေးဒရဲ နိုဝင်ဘာ ၁၄

**ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ အထူးအထွက်တိုး စပါးစိုက်ခင်းဧက ၄၀၀ရှိ တောင်သူဦးဝင်းမြင့်အောင်နှင့် ဦးညွန့်မောင်တို့၏ လယ်မြေတွင် ခေတ်သစ်ပျိုးထောင်နည်းစနစ်ဖြင့် စိုက်ပျိုးသော ညှော့်မထလတ်စပါးခင်းများကို စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် စံကွက်ရိတ်သိမ်း၍ မှတ်တမ်းပြုဆောင်ရွက်ရာ၌ ခေတ်သစ် ပျိုးထောင်စိုက်စနစ်အရ စိုက်ပျိုးထားသော ညှော့်မထလတ် စပါးခင်းမှာ တစ်ဧကတင်း ၁၂၀ထွက်ရှိပြီး မျိုးစပါး သုံးပြည်သာ ကုန်ကျသည်။



သုံးတင်းမှ လေးတင်းအထိ ကုန်ကျသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက မိုးစပါး အလေအလွင့် မရှိ ရိတ်သိမ်းနယ်လှေ့ရေး၊ နွေစပါးအတွက် ခေါင်နံ့မျိုးပွားစနစ်ဖြင့် စိုက်ပျိုးရေး၊ နွေစပါးရာနှုန်းပြည့်မိစ္စာ စိုက်ပျိုးရန် ရေရရှိရေးနှင့် ဓာတ်မြေသြဇာအချိုး ကျသုံးစွဲရေးတို့ ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**နိုဝင်ဘာ၂ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ပြားကျေးရွာတွင် ကျေးလက်နေအိမ်ဆောက်လုပ်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူးဦးစိုင်းရွှေအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## ဆောင်ရွက်

သမားရိုးကျစိုက်ပျိုးထားသော ညှော့်မထလတ်စပါးကြဲခင်းမှာ တစ်ဧကေ ၉၈တင်းခန့် သာထွက်ရှိပြီး မျိုးစပါး

## စမ်းသပ်

**ဖန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာတွင် သောက်သုံးရေ အရည်အသွေး စမ်းသပ်ရန် အတွက် အောက်တိုဘာ ၉ရက်က စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ဇေယျာမြင့် ကြည့်ရှုစစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

# ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**စလင်း နိုဝင်ဘာ ၆**

စလင်းမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ကျေးရွာမူလတန်း ကျောင်း၌ ကျင်းပသည်။

## ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားများ ပြောကြားကြသည်။

## ပေးအပ်

ထို့နောက် အလှူရှင်များက စာအုပ်မျိုးစုံ ၇၂၀နှင့် အလှူငွေကျပ် ၂၆၀၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်သည်။

ထို့နောက်စာကြည့်တိုက်အဆောက်အအုံသစ်အား ကျေးရွာဥက္ကဋ္ဌ ဦးရဲညွန့်နှင့် ဦးစီးမှူးဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



# ဘဝတက်လမ်းကျေးရွာစာကြည့်တိုက်ဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပျဉ်းမနားမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အေးမြင့်သာယာကျေးရွာတွင် ဘဝတက်လမ်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ကျေးရွာ စာကြည့်တိုက်များဖွင့်လှစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်အလှူရှင်များက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ဝ၉၉)**

# ကောလင်း-လွယ်မောက်တောင် လမ်းမြေတိုးချဲ့ဆောင်ရွက်

**ကောလင်း နိုဝင်ဘာ ၂**

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မောင်ဦးနှင့်အဖွဲ့ အောက်တိုဘာ ၂၀ ရက်က ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် ကောလင်း-လွယ်မောက်တောင်လမ်း၊ ကောလင်း-ဝန်းသိုသွားလမ်းမများကို စက်ယန္တရားများ အသုံးပြု၍ လမ်းမြေတိုးချဲ့ခြင်းနှင့် လမ်းဖာထေးခြင်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ အတွင်းရေးမှူး ဦးအောင်မျိုးလှိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝ၂၆)**

**ရခိုင်ပြည်နယ် မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ၃ဝရက်က ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# ကိုယ့်အားကိုယ်ကိုးကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေး ငွေလှူဒါန်း

အင်္ဂပူ နိုဝင်ဘာ ၆

**အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ပိန္နဲကွင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၁နာရီက ပိန္နဲကွင်းကျေးရွာ တွဲဖက်အလကခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင်ဗိုလ်မှူးကြီးဘိုနီ၊ အင်္ဂပူမြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းတို့က အမှာစကား ပြောကြားကြပြီးနောက် ကိုယ့်အားကိုယ်ကိုး ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရန်အတွက် အလှူငွေကျပ် ၁၅၀၀၀၀၀ကို အမှတ်(၅) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဒေါ်ယုယုအောင်**(ယာပုံ)**၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာများမှ စေတနာအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းရွှေက လက်ခံရယူသည်။ **(၁၃၁)**

# ဆက်သွယ်ရေးကောင်းမွန်ရန် ဖုန်းလိုင်းကေဘယ် ပြုပြင်ဆောင်ရွက်

**ရေစကြို နိုဝင်ဘာ ၂**

မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်တိုင်း အထွေထွေမန်နေဂျာ ဦးသွင်လင်းနှင့်အဖွဲ့က ရေစကြိုမြို့နယ် ဆက်သွယ်ရေးရုံးခန်းမဆောင်တွင် အောက်တိုဘာ ၂၂ရက်က ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးလုပ်ငန်းချောမွေ့ကောင်းမွန်ရန်အတွက် လက်ရှိအသုံးပြုသော တယ်လီဖုန်းလိုင်းကေဘယ်ကြိုးများ စစ်ဆေးပြုပြင်ခြင်းနှင့် စာပို့လုပ်ငန်းများ အချိန်မီ ရောက်ရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(၂၅၁)**



မြဝတီမြို့ အမှတ်(၄)ရပ်ကွက် တောရကျောင်းအနောက်လမ်း ကိုယ့်အား ကိုယ်ကိုး ကျောက်ရောမြေခင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုနှင့်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# မအူပင်ခရိုင်၌ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

မအူပင် နိုဝင်ဘာ ၃

**မအူပင်ခရိုင်၌ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက်က မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ် ဥက္ကဋ္ဌများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ အသက် (၇၅)နှစ် အထက် စစ်မှုထမ်းဟောင်းများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်တစ်သောင်းစီကို ခရိုင်ဥက္ကဋ္ဌ ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၄၂၁)

# ဆင်ဘိုမြို့တွင်ရုံးသစ်နှင့်စာကြည့်တိုက်ဖွင့်

**ဆင်ဘို နိုဝင်ဘာ ၅**

ဆင်ဘိုမြို့ တောပင်လုံကျေးရွာ၌ အောက်တိုဘာ ၁၅ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ်ဖွင့်ပွဲ၊ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ၁၅ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဉာဏ်လှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးမှူးဦးအောင်ကိုသန့်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံကိုလည်းကောင်း၊ ဦးယော်တန်က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်သတင်းနှင့် မြင်ကွင်း

# စာဆိုတော်နေ့ အကြိုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲစာမူများပေးပို့နိုင်

**ပျဉ်းမနား နိုဝင်ဘာ ၁၀**

ပျဉ်းမနားမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူး၍ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အကြိုအထိမ်းအမှတ်အဖြစ် "မြန်မာ့ ယဉ်ကျေးမှုဓလေ့စရိုက်ဖြင့် ကမ္ဘာ့ကပ်ရောဂါ အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး" ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ စာမူများကို ပျဉ်းမနားမြို့ ဓမ္မစာကြည့်တိုက်နှင့် ပျဉ်းမနားမြို့ ဘဲလေး ဗီဒီယိုသို့ နိုဝင်ဘာ ၂၅ရက်နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး ဒီဇင်ဘာ၁ရက်နေ့ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့တွင် ဓမ္မာရုံကြီး၌ ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။

၎င်းအပြင် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း မြို့နယ်အတွင်းရှိ ကျောင်းဆရာ၊ ဆရာမ ၂၀၀တို့ကို မဟာလယ်တီစံကျောင်းတော်ကြီး၌ "ထေရဝါဒ ဗုဒ္ဓသာသနာအဆုံးအမ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေး ရက်တိုသင်တန်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

**အောက်တိုဘာ၁ရက်ကကျောက်မဲမြို့ အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်း ပညာ့ဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုနှင့် ခရိုင်တရားသူကြီးဦးသိန်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)



**ကချင်ပြည်နယ်မိုးညှင်းမြို့နယ်စည်ပင်သာယာဈေးကြီး သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းသိမ်းဆည်းခြင်းကို အောက်တိုဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်၍ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မီးသတ်စခန်းတာဝန်ခံဦးမင်းသူနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။** (၁၅၂)

**မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ မင်းပြားမြို့ ရေပေးရေးအတွက် ရေအရင်းအမြစ်ရယူနိုင်မည့် ဂရင်ဂျိုင်ဆည်အား အောက်တိုဘာ၂၇ရက်က ကွင်းဆင်းတိုင်းတာမှုများကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# သရက်ချောင်းမြို့နယ်အတွင်း ပန်းအလှပင်များ စိုက်ပျိုး

**သရက်ချောင်း နိုဝင်ဘာ ၅**

သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝဲပုံ)**

**(နယ်စပ်/စည်ပင်)**



# ဟိုပင်အထက နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်

**ဟိုပင် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်က ဟိုပင်အထက တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ် ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မိုးညှင်းမြို့နယ် ပညာရေးမှူး ဒေါ်တင်မိုးအေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူများ ဆုပေးပွဲ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မမိုးမိုးဆွေနှင့် ကျောင်းသား ကျောင်းသူ ၂၄၇ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြန်မာ့အသံ

**၁၉-၁၁-၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အထူးအသည်းအားဆေး ထုတ်လုပ်မှုအကြောင်း)
၁၁:၃၅ သုတရေးရာဖြေကြားလွှာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ကင်ပွန်းချဉ်ပင်)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ကိုယ်ကျင့်တရား)
၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (သုံးနည်းသုံးသွယ်စိုက်ကြမယ်)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ရိုးသားသိမ်မွေ့မြန်မာဓလေ့ (ခေါင်းကြီးပိုင်း)
(၂)မွေးနေ့လက်ဆောင် (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (လူမျက်နှာ၏ ပတ်ဝန်းကျင်အကြောင်း-မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (ဥက္ကလာတေး-ကာလပေါ်တူရိယာအဖွဲ့)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တက်ရောက်ပြီး သြဝါဒစကားမြွက်ကြား ထူးချွန်လူငယ်ကျောင်းသားကျောင်းသူများအား အထွေထွေအတွင်းရေးမှူး ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

**တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသော **စာမျက်နှာ ၆ ကော်လံ ၁** ✻



နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း–စာ ၃) (သတင်းစဉ်)

## ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်ချမှတ်နေ

**ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နေခြင်းဖြစ်တယ်။**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက်၊ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ် ဆရာတော်ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏

## ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန် နိုဝင်ဘာ ၁၇



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ အရိမဒ္ဒနပေါက္ကံပြည် ဒုတိယမြို့တည်ရာ ခမည်းတော် ဦးဘိုးခေတ်၊ မယ်တော် ဒေါ်ကျော့တို့မှ ၁၂၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၁ ခုနှစ်တွင် သီရိပစ္စယာရွာ သာယာဝတေ့တောရကျောင်းဆရာတော် ဘဒ္ဒန္တ ပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၁ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၃ ရက် မွန်းလွဲ ၂ နာရီအချိန်တွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ခဏ္ဍာသိမ်တော်၌ ပုဂံမြို့ သာယာဝတေ့တောရကျောင်း (မူလဥပဇ္ဈာယ်ဆရာ) ဆရာတော် ဘဒ္ဒန္တပညာမဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုလျက်မြင်းခြံမြို့ ဈေးကြီးရပ် ဆန်ကုန်သည် ကျောင်းဒါယကာကြီး ဦးထွန်းခိုင်၊ ကျောင်းဒါယိကာမကြီး ဒေါ်နန်းစိန်မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ပုဂံညောင်ဦးမြို့နယ် သီရိပစ္စယာကျေးရွာ လောကနန္ဒာကျောင်းဆရာတော် ဦးအာဒိစ္စအထံ၌ အခြေခံကျမ်းစာများကို ခုနစ်နှစ်သားအရွယ်အထိ သင်ကြားတော်မူပြီး စဉ့်ကူးမြို့သို့ မိဘများနှင့်အတူလိုက်ပါ၍ ဆရာကြီးဦးဘန်း၊ ဒေါ်ရွှေမေ စာသင်ကျောင်း၌ စတုတ္ထတန်းအထိ လောကီပညာများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထို့နောက် သာယာဝတေ့ တောရကျောင်းဆရာတော် ဦးပညာ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တပညာ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ သုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မြတောင်ကျောင်းတိုက် ဆရာတော်၊ ဘုရားကြီးတိုက်၊ သုဓမ္မာဝင် တောင်ပြင်ဌာနချုပ် ဆရာတော် ဦးဝိုင်း၊ ရန်ကုန်မြို့ အောင်မြေဘုံစံကျောင်းဆရာတော် ဦးစန္ဒိမာ၊ ဦးကောဏ္ဍည၊ ဦးစက္ကိန္ဒ၊ ညောင်လေးပင်မြို့ တောင်ကျောင်းကြီး ဆရာတော် ဦးကေသရ စသော ဆရာတော်ကြီးများထံမှ ပိဋကတ်အခြေခံကျမ်းစာများနှင့် ပါဠိတော်အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းစာများကို ပါရဂူရောက် တတ်မြောက်လိမ္မာအောင် သင်ကြားဆည်းပူးတော်မူခဲ့ပြီး ပါဠိပထမပြန် စာမေးပွဲများနှင့် ဓမ္မာစရိယစာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး၌ သိက္ခာတော်ငါးဝါရသည့်အချိန်မှစ၍ ဂဏဝါစကစာချအဖြစ်လည်းကောင်း၊ သိက္ခာတော် ရှစ်ဝါရတော်မူသည်မှစ၍ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၌ မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဟူသော အမည်ဖြင့် စာသင်တိုက် တည်ထောင်တော်မူလျက် တပည့်သံဃာ ၁၀၀ ကျော်တို့အား ပိဋကတ်ကျမ်းဂန်များကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ၁၃၀၂ ခုနှစ်တွင် ကိုးဆောင်ကျောင်းတိုက်၏ အာရာမိသရဆသန္တကတွင် တစ်ပါးအပါအဝင်အဖြစ်လွှဲအပ်ခြင်းကို ခံတော်မူ၍လည်းကောင်း၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် သစ်တော်ကျောင်း၌ တပည့်သံဃာတော်များအား ပိဋကတ်စာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ဝိနယ ဗဟုသုတ ပကာသနီကျမ်း၊ ဝါကျသံသယဝိသောဓနီကျမ်းတို့ကို ရေးသားဖြန့်ဝေတော်မူခြင်းဖြင့်လည်းကောင်း ပရိယတ္တိသာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်သည် သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် မြင်းခြံမြို့ ရွှေဘုံသာအလယ်ကျောင်းစာသင်တိုက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်စသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ မြင်းခြံမြို့ ကမ္ဘဋ္ဌာနာစရိယ ဦးပရမ၊ စွန်းလွန်းဂူကျောင်း စသောကမ္မဋ္ဌာန်းတိုက်ကြီးများကို တည်ထောင်တော်မူ၍လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင်ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၊ပွဲကြီးမူလ ၆၆ပါး (ကိုယ်စားလှယ်အဖွဲ့ဝင်)၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ ပခုက္ကူမဟာဝိသုတာရာမိက ဂဏဝါစက နိကာယာဓိပတိ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏အဓိပတိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်အဓိပတိအဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာသင်္ဂီတိ ကာရကနှင့်ဘာဏက ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကပါဠိတက္ကသိုလ်ဗဟို ကိုယ်စားလှယ်၊ ဂျပန်ပြည်ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်၊ မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းဩဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်း ပရဒေသီနာယကအဖြစ်တို့ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ပြည်ပသို့သာသနာပြုခရီးကြွရောက်တော်မူခဲ့ခြင်း

ဆရာတော်ကြီးသည် ဂျပန်နိုင်ငံ မိုရီမြို့တွင် ၁၉၁၉ခုနှစ်၌ ကျင်းပပြုလုပ်သည့် သိမ်သမုတ်ပွဲသို့ ပြည်ပဓမ္မဒူတခရီး ကြွရောက်သည်မှစ၍ ပြည်ပငါးနိုင်ငံလေ့လာရေးခရီးအပါအဝင် သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ အင်္ဂလန်နိုင်ငံ စသည့်နိုင်ငံများသို့ ဓမ္မဒူတသာသနာပြုခရီး အကြိမ်ကြိမ် ကြွရောက်တော် မူခဲ့ပါသည်။

### အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး၏ သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားသောအားဖြင့် သိက္ခာတော်(၃၁)ဝါအရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၅၇)ဝါအရတွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ သိက္ခာတော်(၆၅)ဝါအရတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း နိုင်ငံတော်အစိုးရက လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သက်တော်ရှည် မြင်းခြံဆရာတော်ကြီးသည် ဤကဲ့သို့ သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူခြင်းမှ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါအရ ၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက် (၁၇-၁၁-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်မဟာထေရ်ဆရာတော်ကြီး ပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၁၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမိက ပခုက္ကူကျောင်းသစ်ဆရာတော် သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တသောဘိတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) မဟာထေရ်ဆရာတော်ကြီးသည် (၁၃၆၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်)၁၇-၁၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်

ရန်ကုန် နိုဝင်ဘာ ၁၇

သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက်တွင် ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၌ (၃၇)ကြိမ်မြောက် သံဃာ ၁၀၈ပါး ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ၃/မာန်ပြေ လူငယ်များ၏ ခြောက်ကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

---

# နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပြိုင်ပွဲကျင်းပရေးလုပ်ငန်း စီမံချက်များကို ရှင်းလင်းသည်။

ဆက်လက်၍ ယှဉ်ပြိုင်သူများရွေးချယ်ခြင်း၊ ပြဋ္ဌာန်းစာအုပ်များသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲကျင်းပရက်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

---

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



ရန်ကုန် နိုဝင်ဘာ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ် ပညာရေးရာအဖွဲ့မှ ထုတ်ဝေသည့် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ခြိမ့်နိုင်၊မင်းသွေးနွယ်(ဇီးကုန်း)၊နှင်းသစ္စာကျော်၊ယဉ်မင်းထိုက်၊ သတိုးနွယ်၊ရှုဝံ (မပခ)၊ လွမ်းသူနွေ(သချာ)၊ ကိုနိုင်(ချင်းတောင်)၊ ကြည်တင့်နိုင်တို့၏ ကဗျာများ၊ တက္ကသိုလ်မြတ်သူ၊ ချစ်နိုင်(စိတ်ပညာ)၊ဆြာစန်း၊ကြည်လင်း(ဆေး)၊ ထက်ကောင်းလတ်(မင်းဘူး)၊မွေးနံ့သာ(မဟာသိပ္ပံ)၊ နိုင်ဘောဂလှဝင်း၊ စိုင်းခမ်းကော်(မိုင်းရယ်)၊ မောင်ပညာကျော်၊ ညွန့်ဟံ(ကြူတော)၊မြင့်သိန်း(ရန်ကုန်တက္ကသိုလ်)၊ ကျော်ဇင်ဝင်း(ပဲခူး)၊ အေးဝေ(သရက်)၊မလှသိန်း၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ နန္ဒာမိုးကြယ်၊ မောင်ကျေးဇူး၊ဦးခင်မောင်မြ(ဘီအေ၊ဘီအယ်လ်)၊ တက္ကသိုလ်ကိုလတ်၊ မောင်မောင်ဟန်(မကွေး)၊ လူကျော်၊ စိမ်းမြရည်(ပြန်/ဆက်)၊ ကေတုနီလာ၊ လှထွန်း(တွံတေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မောင်မောင်အုန်း(လယ်ဝေး)၊ မောင်မြင့်မား(ဘိုကလေး)၊ တွင်းကြီးသားတင်ဝင်းဦး၊ ဂီတစာဆိုမောင်မျိုးသူ၊ သန်လျင်မောင်မောင်ဦး၊ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ သက်သက်သင်း(ပညာရေး)၊ရဲဘော်မြသန်း(ဟိုပုန်း)၊ ဇော်ဝင်းမောင်(ဇီးကုန်း)တို့၏ မှတ်ဖွယ်ဆောင်းပါး၊ ရသမြောက်ဝတ္ထုများ၊ ငွေကြည်၊ သစ်ထွဏ်း၊ တင်အောင်နီ၊ မောင်ဝဏ္ဏ၊ မောင်မောင်ညွှက်တို့၏ ကာတွန်းလက်ရာများ စုံလင်စွာ ဖော်ပြပါရှိသည်။ မဂ္ဂဇင်းများကို သတင်းနှင့်စာနယ်ဇင်းအရောင်းဆိုင်၊ ဆင်တောင်ကြီးစာပေ၊တင်စိုးစာပေတို့တွင်ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း၇ရက် (အဖိတ်နေ့)**
**၁၈-၁၁-၂၀၀၄(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | အကပဒေသာ |
| ၈း၂၀ | ၈။ | ဘိုင်းဒါးရေလှောင်တမံ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go. |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Use. |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၁၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၃၀ | ၇။ | လက်ဆင့်ကမ်းပေးဂီတတေး |
| ၁၇း၄၀ | ၈။ | **“အားဆေး”** (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) (ဒါရိုက်တာ-ဓောစန္ဒာလှိုင်) |
| ၁၇း၄၅ | ၉။ | တေးဂီတအစီအစဉ် |
| ၁၈း၀၀ | ၁၀။ | နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၁၈း၁၀ | ၁၁။ | သက်တံ့ရောင်သံစဉ် |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း-၂၉) |
| ၁၉း၃၅ | ၁၅။ | တေးဂီတအစီအစဉ် |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | မြန်မာရုပ်ရှင် **“ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်” (အပိုင်း-၁) (လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင်) (ဒါရိုက်တာ-နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)** |

---

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုအမှတ်ပေးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (ကက)အုပ်စုမှ ပို့ဆောင်ရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

# ခေတ်သစ်ပျိုးထောင်နည်းဖြင့် စိုက်ပျိုးသော ညှော်မထလတ်စိုက်ခင်းများ

## စံကွက်ရိတ်သိမ်း၊ တစ်ဧကတင်း ၁၂၀ထွက်ရှိ

ဒေးဒရဲ နိုဝင်ဘာ ၁၄

**ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ အထူးအထွက်တိုး စပါးစိုက်ခင်းဧက ၄၀၀ရှိ တောင်သူဦးဝင်းမြင့်အောင်နှင့် ဦးညွန့်မောင်တို့၏ လယ်မြေတွင် ခေတ်သစ်ပျိုးထောင်နည်းစနစ်ဖြင့် စိုက်ပျိုးသော ညှော်မထလတ်စပါးခင်းများကို စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ရက်က ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် စံကွက်ရိတ်သိမ်း၍ မှတ်တမ်းပြုဆောင်ရွက်ရာ၌ ခေတ်သစ် ပျိုးထောင်စိုက်စနစ်အရ စိုက်ပျိုးထားသော ညှော်မထလတ်စပါးခင်းမှာ တစ်ဧကတင်း ၁၂၀ထွက်ရှိပြီး မျိုးစပါး သုံးပြည်သာ ကုန်ကျသည်။





### ဆောင်ရွက်

သမားရိုးကျစိုက်ပျိုးထားသော ညှော်မထလတ်စပါးကြဲခင်းမှာတစ်ဧက ၉၈တင်းခန့် သာထွက်ရှိပြီး မျိုးစပါး သုံးတင်းမှ လေးတင်းအထိ ကုန်ကျသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက မိုးစပါး အလေအလွင့် မရှိ ရိတ်သိမ်းနယ်လှေ့ရေး၊ နွေစပါးအတွက် ခေါင်နံ့မျိုးပွားစနစ်ဖြင့် စိုက်ပျိုးရေး၊ နွေစပါး ရာနှုန်းပြည့်မီစွာ စိုက်ပျိုးရန် ရေရရှိရေးနှင့် ဓာတ်မြေဩဇာအချိုး ကျသုံးစွဲရေးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

### စမ်းသပ်

**ဇန်းမော်မြို့နယ် ကုန်းမဟတ်ကျေးရွာတွင် သောက်သုံးရေ အရည်အသွေး စမ်းသပ်ရန် အတွက် အောက်တိုဘာ ၉ရက်က စည်ပင်သာယာရေး အဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ဇေယျာမြင့် ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

**နိုဝင်ဘာ၂ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကန်ပြားကျေးရွာတွင် ကျေးလက်နေအိမ်ဆောက်လုပ်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူးဦးစိုင်းရွှေအောင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

**စလင်း နိုဝင်ဘာ ၆**

စလင်းမြို့နယ် ရှမ်းစုကျေးရွာအုပ်စု ဝက်သိုက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်နှင့် အလှူငွေပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ကျေးရွာမူလတန်း ကျောင်း၌ ကျင်းပသည်။

### ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားများ ပြောကြားကြသည်။

### ပေးအပ်

ထို့နောက် အလှူရှင်များက စာအုပ်မျိုးစုံ ၇၂၀နှင့် အလှူငွေကျပ် ၂၆၀၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်သည်။

ထို့နောက်စာကြည့်တိုက်အဆောက်အအုံသစ်အား ကျေးရွာဥက္ကဋ္ဌ ဦးရဲညွန့်နှင့် ဦးစီးမှူးဦးမြင့်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# ဘဝတက်လမ်းကျေးရွာစာကြည့်တိုက်ဖွင့်

**ပျဉ်းမနား နိုဝင်ဘာ ၅**

ပျဉ်းမနားမြို့နယ် ကျောက်ချက်ကျေးရွာအုပ်စု အေးမြင့်သာယာကျေးရွာတွင် ဘဝတက်လမ်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ထွန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ကျေးရွာ စာကြည့်တိုက်များဖွင့်လှစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်အလှူရှင်များက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(ဝ၉၉)**

# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

# ကောလင်း-လွယ်မောက်တောင် လမ်းမြေတိုးချဲ့ဆောင်ရွက်

**ကောလင်း နိုဝင်ဘာ ၂**

ကောလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မောင်ဦးနှင့်အဖွဲ့ အောက်တိုဘာ ၂၀ ရက်က ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက် ကောလင်း-လွယ်မောက်တောင်လမ်း၊ ကောလင်း-ဝန်းသိုသွားလမ်းမများကို စက်ယန္တရားများ အသုံးပြု၍ လမ်းမြေတိုးချဲ့ခြင်းနှင့် လမ်းဖာထေးခြင်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်၊ အတွင်းရေးမှူး ဦးအောင်မျိုးလှိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ကြသည်။ **(ဝ၂၆)**

**ရခိုင်ပြည်နယ် မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အောက်တိုဘာ၃၀ရက်က ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



# ကိုယ့်အားကိုယ်ကိုးကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေး ငွေလှူဒါန်း

အင်္ဂပူ နိုဝင်ဘာ ၆

**အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ပိန္နဲကွင်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် မွန်းလွဲ ၁နာရီက ပိန္နဲကွင်းကျေးရွာ တွဲဖက်အလကခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင်ဗိုလ်မှူးကြီးဘိုနီ၊ အင်္ဂပူမြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းတို့က အမှာစကား ပြောကြားကြပြီးနောက် ကိုယ့်အားကိုယ်ကိုး ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းတည်ဆောက်ရန်အတွက် အလှူငွေကျပ် ၁၅၀၀၀၀၀ကို အမှတ်(၅) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဒေါ်ယုယအောင်(**ယာပုံ**)၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာများမှ စေတနာအလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းရွှေက လက်ခံရယူသည်။ **(၁၃၁)**

# ဆက်သွယ်ရေး ကောင်းမွန်ရန် ဖုန်းလိုင်းကေဘယ် ပြုပြင်ဆောင်ရွက်

**ရေစကြို နိုဝင်ဘာ ၂**

မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်တိုင်း အထွေထွေမန်နေဂျာ ဦးသွင်လင်းနှင့်အဖွဲ့က ရေစကြိုမြို့နယ် ဆက်သွယ်ရေးရုံးခန်းမဆောင်တွင် အောက်တိုဘာ ၂၂ရက်က ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေးလုပ်ငန်းချောမွေ့ကောင်းမွန်ရန်အတွက် လက်ရှိအသုံးပြုသော တယ်လီဖုန်းလိုင်းကေဘယ်ကြိုးများ စစ်ဆေးပြုပြင်ခြင်းနှင့် စာပို့လုပ်ငန်းများ အချိန်မီ ရောက်ရှိစေရေးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(၂၅၁)**



မြဝတီမြို့အမှတ်(၄)ရပ်ကွက် တောရကျောင်းအနောက်လမ်း ကိုယ့်အား ကိုယ်ကိုး ကျောက်ရောမြေခင်းဆောင်ရွက်ခြင်းကို အောက်တိုဘာ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုနှင့်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# မအူပင်ခရိုင်၌ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

မအူပင် နိုဝင်ဘာ ၃

**မအူပင်ခရိုင်၌ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ရက် နံနက်က မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် အဖွဲ့ဝင်များ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ် ဥက္ကဋ္ဌများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသီးသီးမှ အသက် (၇၅)နှစ် အထက် စစ်မှုထမ်းဟောင်းများအား တစ်ဦးလျှင်



ထောက်ပံ့ငွေကျပ်တစ်သောင်းစီကို ခရိုင်ဥက္ကဋ္ဌ ခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၄၂၁)

# ဆင်ဘိုမြို့တွင်ရုံးသစ်နှင့်စာကြည့်တိုက်ဖွင့်

**ဆင်ဘို နိုဝင်ဘာ ၅**

ဆင်ဘိုမြို့ တောပင်လုံကျေးရွာ၌ အောက်တိုဘာ ၁၅ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ်ဖွင့်ပွဲ၊ ကိုယ့်အားကိုယ်ကိုး အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ၁၅ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဉာဏ်လှိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးမှူးဦးအောင်ကိုသန့်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံကိုလည်းကောင်း၊ ဦးယော်တန်က ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းစာအုပ်မျိုးစုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက် သတင်းနှင့် မြင်ကွင်း

# စာဆိုတော်နေ့ အကြိုအထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲစာမူများပေးပို့နိုင်

**ပျဉ်းမနား နိုဝင်ဘာ ၁၀**

ပျဉ်းမနားမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြို့နယ်ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူး၍ ၁၃၆၆ ခုနှစ် စာဆိုတော်နေ့ အကြိုအထိမ်းအမှတ်အဖြစ် "မြန်မာ့ ယဉ်ကျေးမှုဓလေ့စရိုက်ဖြင့် ကမ္ဘာ့ကပ်ရောဂါ အေအိုင်ဒီအက်စ် ကာကွယ်တားဆီးရေး"ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ စာမူများကို ပျဉ်းမနားမြို့ ဓမ္မစာကြည့်တိုက်နှင့် ပျဉ်းမနားမြို့ ဘဲလေး ဗီဒီယိုသို့ နိုဝင်ဘာ ၂၅ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး ဒီဇင်ဘာ၁ရက်နေ့ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့တွင် ဓမ္မာရုံကြီး၌ ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်သည်။

၎င်းအပြင် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း မြို့နယ်အတွင်းရှိ ကျောင်းဆရာ၊ ဆရာမ ၂၀၀တို့ကို မဟာလယ်တီစံကျောင်းတော်ကြီး၌ "ထေရဝါဒ ဗုဒ္ဓသာသနာအဆုံးအမ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ကာကွယ်တားဆီးရေး ရက်တိုသင်တန်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **(၁၀၁)**

**အောက်တိုဘာ၁ရက်ကကျောက်မဲမြို့ အမှတ်(၉)အခြေခံပညာ မူလတန်းကျောင်း ပညာ့ဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုနှင့် ခရိုင်တရားသူကြီးဦးသိန်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

**မင်းပြားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ မင်းပြားမြို့ ရေပေးရေးအတွက် ရေအရင်းအမြစ်ရယူနိုင်မည့် ဂရင်ဂျိုင်ဆည်အား အောက်တိုဘာ၂၇ရက်က ကွင်းဆင်းတိုင်းတာမှုများကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)





**ကချင်ပြည်နယ်မိုးညှင်းမြို့နယ် စည်ပင်သာယာဈေးကြီး သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းသိမ်းဆည်းခြင်းကို အောက်တိုဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်၍ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ မီးသတ်စခန်း တာဝန်ခံဦးမင်းသူနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။** (၁၅၂)

# သရက်ချောင်းမြို့နယ်အတွင်း ပန်းအလှပင်များ စိုက်ပျိုး

**သရက်ချောင်း နိုဝင်ဘာ ၅**

သရက်ချောင်းမြို့ ကျောက်မြောင်းရပ်ကွက်လမ်းဘေးဝဲယာတွင် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးဇော်နိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝဲပုံ)**

**(နယ်စပ်/စည်ပင်)**



# ဟိုပင်အထက နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်ဆုချီးမြှင့်

**ဟိုပင် နိုဝင်ဘာ ၆**

ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်က ဟိုပင်အထက တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မိုးညှင်းမြို့နယ်ပညာရေးမှူး ဒေါ်တင်မိုးအေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ၂၀၀၃–၂၀၀၄ ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသူများ ဆုပေးပွဲ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မမိုးမိုးဆွေနှင့် ကျောင်းသား ကျောင်းသူ ၂၄၇ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# မြန်မာ့အသံ

**၁၉–၁၁–၂၀၀၄**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(အထူးအသည်းအားဆေး ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ သုတရေးရာဖြေကြားလွှာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ
(ဆေးဖက်ဝင်ကင်ပွန်းချဉ်ပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ
(ကိုယ်ကျင့်တရား)
၁၃း၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆း၂၀ ကျေးလက်ဇာတ်လမ်း
(သုံးနည်းသုံးသွယ်စိုက်ကြမယ်)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ရိုးသားသိမ်မွေ့မြန်မာဓလေ့
(ခေါင်းကြီးပိုင်း)
(၂)မွေးနေ့လက်ဆောင်
(ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ
(လူမျက်နှာ၏ ပတ်ဝန်းကျင် အကြောင်း–မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့
(ဥက္ကလာတေး–ကာလပေါ် တူရိယာအဖွဲ့)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တက်ရောက်ပြီး သြဝါဒစကားမြွက်ကြား ထူးချွန်လူငယ်ကျောင်းသားကျောင်းသူများအား အထွေထွေအတွင်းရေးမှူး ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

**တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသော

**စာမျက်နှာ ၆ ကော်လံ ၁ ***



နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-စာ ၃) (သတင်းစဉ်)

## ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်ချမှတ်နေ

**ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နေခြင်းဖြစ်တယ်။**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)တက်ရောက်ပြီး သြဝါဒစကားမြွက်ကြား ထူးချွန်လူငယ်ကျောင်းသားကျောင်းသူများအား အထွေထွေအတွင်းရေးမှူး ဂုဏ်ပြုလက်ဆောင်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)စတုတ္ထနေ့ အစည်းအဝေးသို့ တက်ရောက်၍ သြဝါဒစကားမြွက်ကြားသည်။

**တက်ရောက်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) စတုတ္ထနေ့အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသော **စာမျက်နှာ ၆ ကော်လံ ၁ ***



နိုဝင်ဘာ ၁၇ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် တက်ရောက်လာသူများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-စာ ၃) (သတင်းစဉ်)

## ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်ချမှတ်နေ

**ဒေသစုံ၊ ကဏ္ဍစုံမှာ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက်နေခြင်းဟာ ခေတ်မီနိုင်ငံတော်သစ်နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နေခြင်းဖြစ်တယ်။**

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး